ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 20 March 2025 ၁၁၇၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက် ကြည့်ရှုအားပေးစကား ပြောကြား သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြ သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

**အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၅

**မြစ်တစ်စင်းရဲ့ မိသားစု သို့မဟုတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူဦးရေ စုစုပေါင်း ၂၀၈၅၈၀ ရှိ**

စာမျက်နှာ » ၁၀

ကြေးမုံ

# တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး နိုင်ငံအနာဂတ်ကို တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ပေးသည့် အခြေခံအုတ်မြစ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ ပညာတတ်မြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေသူ ကလေးသူငယ်လူငယ်လူရွယ်တိုင်း စဉ်ဆက်မပြတ်ပညာသင်ကြားရေးတို့ကို နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ဖြင့် အားပေးကူညီပျိုးထောင်ပေးလျက်ရှိသည်။ ယခုအခါတွင် အခြေခံပညာအဆင့်၏ နောက်ဆုံးအဆင့်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပပြုလုပ်လျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မိဘပြည်သူများ၏ အားပေးကူညီမှုဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲ ဖြေဆိုလျက်ရှိသည်။

အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်လေးများ၏ ဘဝတစ်ဆစ်ချိုး အောင်မြင်မှုတက်လှမ်းနိုင်ရန်အတွက် တက်ကြွလန်းဆန်းစွာစာမေးပွဲဖြေဆိုမှု မြင်ကွင်းများကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ယခုလိုစာမေးပွဲရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သော်လည်း အကြမ်းဖက်သမားများ၊ သောင်းကျန်းသူများ၏ နှောင့်ယှက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသော ဒေသများမှ စာမေးပွဲဖြေဆိုခွင့်မရကြသည့် ကျောင်းသား ကျောင်းသူများအတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။

တည်ငြိမ်အေးချမ်းသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျောင်းသား ကျောင်းသူလေးများမှာ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုလျက်ရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက အစစအရာရာ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် စာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦးရှိသည်။ ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုအပါအဝင် စာစစ်ဌာနစုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲပထမနေ့တွင် ဖြေဆိုသူ ၉၄ ဒသမ ၅၉ ရာခိုင်နှုန်းရှိကာ ကျန်းမာရေးအရ ဆေးရုံစာဖြေဌာနများအပြင် အကျဉ်းဦးစီးဌာနပါမကျန် သက်သောင့်သက်သာ ဖြေဆိုနိုင်ရန် စီစဉ်ပေးထားသည်။

ယခုပညာသင်နှစ်သည် သင်ရိုးညွှန်းတမ်းအသစ်ကူးပြောင်းပြီးနောက် စနစ်သစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယအကြိမ်ဖြေဆိုရသည့်နှစ်ဖြစ်သည်။ ယခုပညာသင်နှစ်တွင် ပထမအကြိမ်တက္ကသိုလ်ဝင်တန်းစာမေးပွဲနှစ်ထက် စာမေးပွဲဖြေဆိုသူ ပိုမိုများပြားလာသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိသည်။ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် STEAMS – 1, STEAMS – 2, STAMS – 1 ဟူ၍ ခွဲခြားထားသည်။ STEAMS – 1 တွင် ယခင်သိပ္ပံတွဲဟုခေါ်ဆိုသော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များပါဝင်ပြီး STEAMS – 2 တွင် ယခင်ဝိပ္ပံတွဲဟုခေါ်ဆိုသော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒဘာသာရပ်များပါဝင်သည်။ STAMS – 1 တွင် ယခင်ဝိဇ္ဇာတွဲဟုခေါ်ဆိုသော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဘာသာရပ်များပါဝင်သည်။

ယခုအခါ မြန်မာစာ၊ အင်္ဂလိပ်စာဘာသာရပ်များကို အဆင်ပြေပြေချောချောမွေ့မွေ့ ဖြေဆိုခဲ့ကြပြီးဖြစ်သည်။ ဆက်လက်၍ ကျန်ရှိသောဘာသာရပ်များကို ချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် ကြိုးစားအားထုတ်နေကြသည်။ ကျောင်းသား ကျောင်းသူများ၏ သဘာဝအရစာမေးပွဲဖြေဆိုချိန်တွင် စိတ်လှုပ်ရှားမှုအနည်းနှင့်အများရှိကြသော်လည်း မိမိတို့ကြိုးပမ်းအားထုတ်ဆည်းပူးလေ့လာခဲ့ကြသည့် အတိုင်းအတာအလျောက် အခြားဘာသာရပ်များကိုလည်း အခက်အခဲမရှိ ဖြေဆိုနိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလတွင် ပညာရေးမှ တာဝန်ရှိသူများအပြင် မြို့နယ်အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ မီးသတ်၊ ကြက်ခြေနီ၊ လုံခြုံရေးတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်ကြရာ ပညာပြည့်ဝနှလုံးလှပြီး ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်အောင် အခြေခံကျသည့် အတန်းပညာများ စာမေးပွဲများကို စိတ်အေးချမ်းသာစွာဖြင့်ဖြေဆိုပြီး တိုးတက်အောင်မြင်လာအောင် ကျောင်းသား၊ မိဘ၊ ဆရာများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စာရေးသူ သိပ္ပံနည်းပညာအင်ဂျင်နီယာထွန်း (၁၉၉၂ ခုနှစ် စက်မှုစီးပွားထူးချွန်) ရေးသားသော "သိပ္ပံနည်းပညာဆောင်းပါးစု" စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မတ် ၁၉

စာရေးသူ သိပ္ပံနည်းပညာအင်ဂျင်နီယာထွန်း (၁၉၉၂ခုနှစ် စက်မှုစီးပွားထူးချွန်)ရေးသားသော "သိပ္ပံနည်းပညာဆောင်းပါးစု" စာအုပ်ကို စာပေဗိမာန်က ပထမအကြိမ် ထုတ်ဝေလိုက်သည်။

စာအုပ်တွင် EV (လျှပ်စစ်ကား) နှင့် ICE Vehicle (လောင်စာဆီသုံးအင်ဂျင်ကား) တို့ ကွာခြားမှု အားသာချက်များအကြောင်း၊ လေဟာနယ် သဲနုခြောက်သွန်းပုံအတွင်း သတ္တုရည်သွန်းလောင်းခြင်းနည်းပညာ (Introduction to V–Process)၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး သဘာဝစွမ်းအင်၊ တိုယိုတာ (Toyota) အခြေပြု စွမ်းအားပြည့် စွမ်းရည်ပြည့်ကုန်ထုတ်လုပ်ခြင်းနည်းစနစ်၊ လေဟာနယ်အတွင်း သတ္တုသွန်းလောင်းထုတ်လုပ်မှု၊ အစားအစာနှင့် ရေထည့်သည့် ပလတ်စတစ်ထည့်စရာများ၏ အန္တရာယ်၊ အဆိပ်ဓာတ်ငွေ့များ ပျောက်စေတဲ့ EV ယာဉ်နဲ့ နေရောင်ခြည်စွမ်းအား၊ ယနေ့လူငယ်များအကြောင်း၊ သုတသိပ္ပံနည်းပညာ (လေဟာနယ်ပုံအတွင်း သတ္တုသွန်းလောင်းခြင်း၊ ခေတ်မီလျှပ်စစ်ကား) အကြောင်း ဟောပြောဆွေးနွေးခြင်း၊ သုတသိပ္ပံနည်းပညာ လေဟာနယ်ပုံအတွင်း သတ္တုသွန်းလောင်းခြင်း ခေတ်မီလျှပ်စစ်ကား) အကြောင်း သိကောင်းစရာများစသည်ဖြင့် ဆောင်းပါး ၁၈ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ခေတ်မီသိပ္ပံပညာနှင့် နည်းပညာများကို စိတ်ဝင်စားသူ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း စာရေးသူကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် နည်းပညာဆောင်ရွက်ချက်များကို လေ့လာလိုသူ စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

စာအုပ်တွင် စာမျက်နှာ ၂၀၅ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈၊ အမှတ် တ–၅၅၊ သပြေကုန်းဈေး နေပြည်တော်ရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂–၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ – ၃ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၁၀၀ | ၇၂၀,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၅၀ | ၂,၂၆၇ | ၇,၀၄၀,၀၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂၄ | ၁၈၂,၄၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၀၆ | ၁၉၀,၈၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၈၅၄ | ၂,၄၃၃,၉၀၀ |
| EFR | ၁,၅၅၀ | ၁,၆၀၀ | ၇၂၇ | ၁,၁၂၇,၁၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂၃၀ | ၉၀၉,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၀၀ | ၃၂၀,၀၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၃ | ၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး – ဦးအေဝမ်းစိုး
စာတည်းများ – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် ကလေးငယ်တစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

○ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးထားမှု အခြေအနေနှင့် အခြား လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြည့်ရှုအားပေးစကား ပြောကြား**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံ တက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကြိုးပမ်းကြစေလို

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများကို မော်လမြိုင်မြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းဥပဒေကို တိကျစွာလိုက်နာပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကြိုးပမ်းကြစေလိုကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူ့လုပ်ငန်းခွင်အရောက် ကွင်းဆင်း၍ နည်းပညာအသိပညာပေးရန် လိုကြောင်း၊ သီးနှံစိုက်ပျိုးမှုနှင့် ထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်ရေးနှင့် မိမိတို့တာဝန်ယူထားကြသည့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများတွင် ကြုံတွေ့ရတတ်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်က ဝန်ထမ်းသက်သာချောင်ချိရေးနှင့် ဝန်ထမ်းများ ရသင့်ရထိုက်သည့် ဝန်ထမ်းခံစားခွင့်များကို စနစ်တကျစီမံဆောင်ရွက်ပေးပြီး လိုအပ်ချက်ရှိပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။



ထို့နောက် အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

မော်လမြိုင် မတ် ၁၉

၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် မော်လမြိုင်မြို့ သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားသို့တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ခွန်သန့်ဇော်ထူး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက် လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၅ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၅၁) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ကောင်စီအဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆုများဖြစ်ကြသည့် စီးပွားရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှု ထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် ၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖတ်ကြားစဉ်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း မြေယာအသုံးချမှုအခြေအနေ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ ပြည်နယ်အတွင်း အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် အောင်နိုင်တိုးစပါးမျိုးသစ် စိုက်ပျိုးထုတ်လုပ်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ ဧက ၁၀၀ စံပြစိုက်ခင်း၌ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ ဧက ၁၀၀ စံပြစိုက်ခင်း၌ အောင်နိုင်တိုး စပါးမျိုးသစ်များ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစုနယ်မြေရှိ M Rubber စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများ ရရှိမှုနှင့် စနစ်တကျ သိုလှောင်ထားရှိမှု၊ ရော်ဘာအဆင့်ဆင့် ထုတ်လုပ်ဆောင်ရွက်နေမှု၊ စက်ရုံအတွက် လိုအပ်သည့် ရေနှင့်လျှပ်စစ်မီး ရရှိမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း ရော်ဘာကုန်ကြမ်းများကို စက်ယန္တရားများအသုံးပြု၍ အရည်အသွေးမြင့် ရော်ဘာများအဖြစ် အဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၌ ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြိုင်ရတနာငါးထပ်ဈေး (Grand Mawlamyine Shopping Mall ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဈေးဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၅ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစုနယ်မြေရှိ M Rubber စက်ရုံတွင် ရော်ဘာကုန်ကြမ်းများအား စက်ယန္တရားများအသုံးပြု၍ အရည်အသွေးမြင့်ရော်ဘာများအဖြစ် အဆင့်ဆင့် ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။

❍ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာသို့ သွားရောက်၍ အိမ်တွင်း စက်မှုလက်မှုပစ္စည်း အရောင်းဆိုင်များ၊ MSME ဒေသထွက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ရိုးရာလက်မှုလုပ်ငန်းများအား ယနေ့ထိတိုင် လက်ဆင့်ကမ်းထိန်းသိမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လက်မှုပညာရှင်ကြီးများအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့သည် သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သနပ်ခါးအလှမယ်ပြိုင်ပွဲ၌ ဆုရရှိသူများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေ နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ကပြသီဆိုဖျော်ဖြေခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

**သတင်းစဉ်**

# အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**

အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်း၊ မြန်မာနိုင်ငံ အာမခံအသင်း၊ Myanmar Credit Bureau နှင့် Microfinance Credit Information Exchange (MCIX) တို့မှ တာဝန်ရှိသူများ၊ အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄ ခုနှစ်မှစ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ လာရောက် ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များ ပိုမိုပါဝင်လာခြင်းတို့ကြောင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းမှစ၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု နောက်ပိုင်း ကာလများတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများ သိသာစွာ ကျဆင်းသွားသည်ကို အသေးစား ငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီများက တင်ပြသည့် စာရင်းဇယားများအရ စိစစ်တွေ့ရှိရကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီလစာရင်းများအရ မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေး ကဏ္ဍတွင် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီ ၁၇၇ ခုမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၂၀၂ မြို့နယ်၊ ရပ်ကွက် ၁၉၀၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄၈၈ အုပ်စု၊ ကျေးရွာ ၂၄၃၁၇ ကျေးရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၅ သန်း၊ ထုတ်ချေးငွေလက်ကျန် ငွေကျပ် ၂၀၁၂ ဒသမ ၀၂၁ ဘီလီယံရှိကြောင်း၊ သို့ရာတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ အတိုးတက်ဆုံး အခြေအနေဖြစ်သည့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလစာရင်းနှင့် နှိုင်းယှဉ်ပါက ပြည်နယ် နှစ်ခု၊ မြို့နယ် ၅၇ မြို့နယ်၊ ရပ်ကွက် ၃၄၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁၇ အုပ်စု၊ ကျေးရွာ ၁၉၉၁ ကျေးရွာ၊ အသင်းဝင်ဦးရေ ၂ ဒသမ ၈၅၆ သန်း၊ ထုတ်ချေးငွေလက်ကျန်ငွေကျပ် ၇၇၁ ဒသမ ၀၁၅ ဘီလီယံ လျော့နည်းသွားကြောင်း အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများမှ တင်ပြသည့်စာရင်းအရ တွေ့ရှိရကြောင်း။

ယင်းသို့ လျော့နည်းကျဆင်းရသည့်အခြေအနေကို စိစစ်လေ့လာသုံးသပ်ရာတွင် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအနေဖြင့် လိုအပ်သည့် လည်ပတ်မတည်ငွေရင်းကို ပြည်တွင်း/ပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ သင့်တင့်သောအတိုးနှုန်းဖြင့် ရယူနိုင်ရန်၊ နယ်မြေဒေသအခြေအနေများကြောင့် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသည့် နယ်မြေဒေသများအတွက် ငွေကြေးဝန်ဆောင်မှုရရှိစေရေး နည်းလမ်းများ ဖော်ထုတ်ရန်၊ အသင်းဝင်များ၏ ချေးငွေနှင့်လူမှုစီးပွားဘဝကို အကာအကွယ်ပေးရန်အတွက် ယင်းတို့နှင့်ကိုက်ညီသည့် အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်က ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်နေသည့် ငွေကြေးဝန်ဆောင်မှုပေးခြင်း အစီအစဉ်များနှင့် ဟန်ချက်ညီစွာ ပေါင်းစပ် ဆောင်ရွက်နိုင်ရန်၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းမှ ကာကွယ်တားဆီးခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ငွေကြေးအရင်းအမြစ်စိစစ်ခြင်း၊ အခွန်ပေးဆောင်ခြင်းအပါအဝင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ လျင်မြန်ချောမွေ့စေရန်၊ အသင်းဝင်များ ကြုံတွေ့နိုင်သည့် အွန်လိုင်းလိမ်လည်မှု (Online Scams)၊ ငွေကြေးဆိုင်ရာရာဇဝတ်မှုများနှင့် အသင်းဝင်များ၏ သတင်းအချက်အလက်များကို တလွဲအသုံးပြုခြင်းမှ ကာကွယ်နိုင်ရန် ငွေကြေးဆိုင်ရာအသိပညာပေးခြင်းနှင့် ဒစ်ဂျစ်တယ်အသိပညာများ ပေးခြင်းလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် စသည့်လိုအပ်ချက်များ ရှိနေသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယင်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း အဖြေရှာနိုင်ရန် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်း ဥက္ကဋ္ဌ ဦးကျင်ခန့်လျှန်က အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှု Video Clip အားပြသသည်။

ထို့နောက် သက်ဆိုင်ရာ အစုအဖွဲ့ ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၉)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# မြစ်တစ်စင်းရဲ့ မိသားစု သို့မဟုတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ

ဇာနည်(ကျေးလက်)

ထွန်းသစ်စနေရောင်ခြည်အောက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာလေးသည် ရှမ်းအိုးစည်သံများ၊ တိုးနရားကကွက်ဆန်းများ၊ ရိုးရာဝတ်စုံဝတ်ဆင်ထားသော အင်းတိုင်းရင်းသား တိုင်းရင်းသူများ၏ လှပညီညာသောရိုးရာအကများဖြင့် စည်ကားပျော်ရွှင် အသက်ဝင်လျက်ရှိသည်။

ပျော်ရွှင်မှုအပြည့်နှင့် ကျေနပ်မှုများ ထင်ဟပ်နေသော မျက်နှာဟန်ပန်အမူအရာများဖြင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ရွာအလယ်ဗဟိုရှိ မဏ္ဍပ်နေရာတွင် စုဝေးရောက်ရှိနေကြသည်။ ကျေးရွာအတွက် အထူးလိုအပ်လျက်ရှိသော သန့်ရှင်းသည့် သောက်သုံးရေကို အချိန်မရွေးရရှိစေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာရေပေးရေးစီမံကိန်း အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကို ယခုလို စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းဖြစ်သည်။

သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရေသည်မရှိမဖြစ် အရေးပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများအတွက်လည်း ရေသည် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။ မိုးရေစက်များဆင်းသက်လာသည်နှင့်အမျှ မြန်မာ့ကျေးလက်ရှုခင်းသည် စိမ်းစိုနေသော စိုက်ခင်းပြင်များ၊ သစ်ပင်များဖြင့် ပြည့်နှက်လှပနေသည်။ သို့သော် မိုးရာသီပြီးဆုံးသွားသည်နှင့် အချို့ကျေးလက်ဒေသများသည် ရေရှားပါးမှုဒဏ်ကို ခံစားကြရသည်။

သောက်သုံးရေရရှိစေရန် ဝေးလံသော ရေအရင်းအမြစ်မှ ရေကို သယ်ယူသုံးစွဲကြရသည်။ ချိုးရေကို ခံယူ၍ တိရစ္ဆာန်များ သောက်ရေအဖြစ် အသုံးပြုကြရသည်။ တောင်ပေါ်ဒေသများတွင်မူ မိုးရာသီတွင် စိမ့်စမ်းများအတွင်း ရေများနောက်ကျိနေပြီး နွေရာသီတွင် ကြည်လင်သွားသဖြင့် မိုးရာသီတွင် သန့်ရှင်းသော သောက်သုံးရေရှားပါးမှုဒဏ်ကို ခံစားကြရပြန်သည်။

မြန်မာ့ကျေးလက်ဒေသ၏ ရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဗျူဟာမြောက် အစီအစဉ်များ ရေးဆွဲချမှတ်ကာ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ယခုအခမ်းအနားကျင်းပနေသော ကုန်းခြံကျေးရွာအပါအဝင် ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာနှင့် လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဖြစ်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရေသန့်စင်စနစ်ပါဝင်သော အိမ်တိုင်ရာရောက်ရေရရှိရေး စီမံကိန်းကို ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။




ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာ၌ ဖေဖော်ဝါရီ ၆ ရက်က ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia နှင့် တာဝန်ရှိသူများ ကုန်းခြံကျေးရွာ ရေဖြန့်ဖြူးရေးစနစ် ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။

သတ်မှတ်စီမံကိန်းကာလမှာ နှစ်နှစ်ဖြစ်သော်လည်း ကျေးလက်ဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှု၊ ကျေးရွာသူ ကျေးရွာသားများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် တစ်နှစ်အတွင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ပြီးစီးခဲ့သဖြင့် ယခုလို စီမံကိန်းအောင်မြင်ခြင်း အခမ်းအနား ဆင်နွှဲနေကြခြင်းဖြစ်သည်။

## မဲခေါင်-လန်ချန်းစီမံကိန်း စတင်ဖြစ်ပေါ်လာပုံ

မဲခေါင်-လန်ချန်းစီမံကိန်း စတင်ဖြစ်ပေါ်လာခဲ့ပုံမှာ မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများအကြား မဲခေါင်မိသားစုအယူအဆ (Mekong Family Concept) ကို မြန်မာနိုင်ငံ နေပြည်တော်မှ သန္ဓေတည် အစပျိုးခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်နေသည့်အတွက် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ရန် တရုတ်နိုင်ငံက အဆိုပြုခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို ဒေသတွင်းနိုင်ငံများအကြား ဖြတ်သန်းစီးဆင်းနေသည့် မဲခေါင်မြစ်၏ ရစ်ပတ်စုစည်းထားမှုပုံစံဖြင့် တင်စားဂုဏ်ပြုပြီး “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation – MLC)” ဟု ခေါ်ဆိုခဲ့ကြသည်။

ထိုအချိန်မှစ၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် စတင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့ရသည်။

## မဲခေါင်-လန်ချန်းစီမံကိန်း ရည်ရွယ်ချက်

မဲခေါင်-လန်ချန်းစီမံကိန်းကို မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များ (The 2030 Agenda for Sustainable Development) ကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation)ကို တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

## မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ

သမဝါယမကဏ္ဍဖွံ့ဖြိုးရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်မှ စတင်၍ မဲခေါင်-လန်ချန်းပူးပေါင်းမှုအစီအစဉ်တွင် ပါဝင်ခဲ့သည်။ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ကိုက်ညီသော ဖွံ့ဖြိုးရေးစီမံကိန်း ၁၅ ခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး လက်ရှိတွင် စီမံကိန်း ကိုးခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ စီမံကိန်းခြောက်ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းကိုးခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယင်းတို့တွင် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများပါဝင်သော ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေးစီမံကိန်းသုံးခု၊ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သည့် ကျေးရွာသန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းနှစ်ခုနှင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး (Mini-Grid) စီမံကိန်း လေးခုတို့ ပါဝင်သည်။ ဆောင်ရွက်ပြီး စီမံကိန်းငါးခု၏ အသီးအပွင့်များကို ပြည်သူများ အကျိုးခံစားနေရပြီဖြစ်ပြီး ဆောင်ရွက်ဆဲ စီမံကိန်းလေးခုသည်လည်း မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ သို့ ❐



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရေသန့်စင်စနစ်ပါဝင်သော ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

❒ စာမျက်နှာ ၆ မှ

ယခု အခမ်းအနားဆောင်ရွက်နေသော ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာတွင် ကျေးရွာနေပြည်သူ ၅၄၀ ကြုံတွေ့ခံစားနေရသော သောက်သုံးရေပြဿနာကို ရေရှည်ဖြေရှင်းပေးနိုင်ရန်အတွက် ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေမီတာတပ်ဆင်ထားသော အိမ်သွယ်ရေတိုင်များ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။

ရေပေးရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်စေရန်အတွက် ကျေးရွာရေကော်မတီများ ဖွဲ့စည်းခြင်း၊ လည်ပတ်ထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ရေဖိုးရေခကောက်ခံခြင်းတို့ကို စနစ်တကျစီစဉ်ထားကြောင်းလည်း သိရှိလေ့လာခဲ့ရသည်။ ထို့ပြင် ကျေးလက်ဦးစီးဌာနဝန်ထမ်းများကလည်း ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်၍ ကျေးရွာရေရရှိရေးစနစ်များကို လေ့လာခဲ့သလို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ ဖလှယ်ခဲ့ကြောင်း သိရှိရ၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းနေသည်ကို ဝမ်းမြောက်စွာ သိရှိရသည်။

## နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia နှင့် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့ ရောက်ရှိလာချိန်တွင် အခမ်းအနားတက်ရောက်လာသော ဒေသခံပြည်သူ ၄၅၀ ကျော်၏ လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ခွန်းဆက်သံများက မိုးယံသို့ ပျံ့လွင့်သွားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက "မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အစိုးရ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုအကျိုးရှိမည့် စီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲညီညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ရာ ဒေသခံတိုင်းရင်းသားများ၏ မျက်နှာထက်ဝယ် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် လက်တွေ့ဆောင်ရွက်ချက်များအပေါ် ကျေနပ်အားရဝမ်းမြောက်သည့် အမူအရာများကို တွေ့မြင်ခဲ့ရသည်။

## တရုတ်နိုင်ငံမှ ဆက်လက်ကူညီမည်

ဆက်လက်ပြီး သံအမတ်ကြီး H.E. Ms. Ma Jia ကလည်း "သေးသော်လည်း လှနေဆဲ" ဟူသည့် စကားအတိုင်း ကျေးလက်ဦးစီးဌာနက ယခုဆောင်ရွက်ခဲ့သော စီမံကိန်းသည် အခြေခံပြည်သူများ၏ လူနေမှုဘဝကို လက်တွေ့ကျကျ မြှင့်တင်ပေးနိုင်ခဲ့ပြီး တရုတ်-မြန်မာ အသိုက်အဝန်း၏ အေးအတူပူအမျှ မျှဝေခံစားလိုသည့် စိတ်ဓာတ်ကို ထင်ရှားပေါ်လွင်စေခဲ့ကြောင်း၊ တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် မြန်မာနိုင်ငံကို ငွေကြေး၊ နည်းပညာများ ဆက်လက်ကူညီပံ့ပိုးပေးပြီး မြန်မာနိုင်ငံ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို အားတက်ဖွယ်ကြားသိခဲ့ရသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအရ ရှည်လျားပြီး နက်ရှိုင်းသောဆက်ဆံရေးရှိမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော စေတနာ၊ အပြုသဘောဆောင်သော သဘောထားရပ်တည်မှုနှင့် အားပေးကူညီမှုများသည် သံအမတ်ကြီး၏ မိန့်ခွန်းတွင် ထင်ရှားပေါ်လွင်လျက်ရှိသည်။

## အကျိုးဖြစ်ထွန်းမှု

ယခု ဆောင်ရွက်ပေးခဲ့သော "**တောင်ပေါ်ဒေသရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်းစီမံကိန်း**" ကြောင့် စီမံကိန်းကျေးရွာ သုံးရွာမှ အိမ်ထောင်စု ၃၆၉ စု၊ လူဦးရေ ၁၆၂၇ ဦးတို့သည် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေကို ရာသီမရွေး အချိန်ပြည့်ရရှိနိုင်ပြီဖြစ်ကာ ရေကြောင့်ဖြစ်ပွားသော ရောဂါများ အန္တရာယ်ကို လျှော့ချနိုင်ခဲ့ကာ လူနေမှုအဆင့်အတန်းကို မြင့်မားစေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ကျေးရွာနေ တိုင်းရင်းသူတစ်ဦးက "**အရင်က ကျွန်မတို့ရွာလေးဟာ ရေရှားပါးမှုဒဏ်ကို အတော်လေး ခံစားခဲ့ရပါတယ်။ အိမ်တွေ၊ စာသင်ကျောင်းတွေအတွက် လိုအပ်တဲ့ သောက်ရေ၊ သုံးရေကို ရွာနဲ့ နှစ်မိုင်ကျော်ခန့်ဝေးတဲ့ ချောင်းမှာ ကျေးရွာလူကြီးတွေရော ကလေးမိဘတွေပါ သွားရောက်ခပ်ယူရပါတယ်။ အချိန်ကုန် လူပင်ပန်း ဖြစ်ရပါတယ်။ အခုလို ကျေးလက်ဦးစီးဌာနက သန့်စင်ပြီးသားရေကို အိမ်တိုင်ရာရောက်ရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် သုံးစွဲရတာလွယ်ကူပြီး ပေါပေါများများ သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ ရေသန့်ဝယ်ယူသောက်သုံးနေရတဲ့ အခြေအနေကနေ ရေသန့်နဲ့ ရေချိုးနိုင်တဲ့အထိပါ ရောက်ရှိလာလို့ ကျေးရွာလူထုရဲ့ ကျန်းမာရေးတွေလည်း ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရွာလေးမှာ စိုက်ဧက ၅၀၀ ကျော်ရှိပြီး မိုးရာသီမှာသာ စိုက်ပျိုးနိုင်ပါတယ်။ အခုဆိုရင်တော့ ရေလုံလောက်စွာ ရလာပြီဖြစ်လို့ စိုက်ဧက ၄၀၀ ကျော်ဟာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်**"ဟု ပြောကြားခဲ့သည်ကို ကြားသိခဲ့ရပါသည်။ မြို့ကြီးပြကြီးများမှာသာ ရရှိနိုင်သည့် ရေပေးဝေရေးဝန်ဆောင်မှုမျိုးကို ယခုလို တောင်ပေါ်ဒေသ ကျေးရွာလေးများတွင်ပါ ရရှိလာသဖြင့် ဒေသခံများ၏အိပ်မက် တကယ်ဖြစ်လာပြီဟု ပြောလျှင်မမှားပါ။

**❝ မဲခေါင်မြစ်အထက်ပိုင်းတွင် တည်ရှိသော မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ဤပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ လျှပ်စစ်စွမ်းအင်၊ သတင်းမီဒီယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍများတွင် အကျိုးကျေးဇူးများရရှိ ❞**




ကျေးလက်ရေရရှိရေး စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia မိန့်ခွန်းပြောကြားစဉ်။

အခမ်းအနားပြီးမြောက်ပြီး ဓာတ်ပုံပြခန်းနေရာကို ရောက်ရှိချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က တရုတ်သံအမတ်ကြီးနှင့် ဧည့်သည်တော်များအား ၎င်းတို့ဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၄၄၂၁၀၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၆၂၇၂ ရွာ၊ ကုန်ထုတ်လမ်း ၄၀၁၂ မိုင်၊ တံတား ၆၁၇၃ စင်း၊ မြစိမ်းရောင်စီမံကိန်း ၁၅၁၇၆ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း ၁၅၇ ရွာ၊ ခေတ်မီစံပြကျေးရွာစီမံကိန်း ၁၂၈ ရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ၁၉၄၁၇ ရွာ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၅၉၆၆ ကြိမ်တို့ကို နိုင်ငံအနှံ့ ဆောင်ရွက်ပေးခဲ့ကြောင်း ဓာတ်ပုံမှတ်တမ်းဝေဝေဆာဆာဖြင့် ရှင်းပြနေသည်ကို တွေ့မြင်ခဲ့ရပြန်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အပြောမဟုတ်၊ အလုပ်နှင့် သက်သေပြပြီး အားမာန်အပြည့်ဖြင့် ဖွဲ့ထက်သန်စွာ ဆောင်ရွက်ပေးနေကြောင်း မျက်မြင်တွေ့ရှိ ခံစားခဲ့ရသည်။

## မြစ်တစ်စင်း၏ မိသားစု

မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်သည့် မဲခေါင်မြစ်ကို အခြေခံ၍ တည်ဆောက်ထားသော မဲခေါင်မိသားစု၊ တစ်နည်းဆိုသော် **"ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်း၏ မိသားစု"** (A River's Family for Regional Development) သည် နက်နဲလှသော တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သဘောထားကြီးမှု၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုများဖြင့် တည်ဆောက်ထားပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မဏ္ဍိုင်တစ်ရပ်ဖြစ်သည်။

အဖွဲ့ဝင်ခြောက်နိုင်ငံအနေဖြင့် **"မြေထိုးစက်စိတ်ဓာတ်"** (Bulldozer Spirit) ဖြင့် ဒေသအတွင်း ကြုံတွေ့နေရသော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးဆိုင်ရာ အခက်အခဲမှန်သမျှကို စုပေါင်းအင်အား ပြင်းထန်သော အရှိန်အဟုန်များဖြင့် တွန်းတိုက်ဖယ်ရှားလျက်ရှိသည်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် ပူးတွဲလုပ်ငန်းအဖွဲ့များ၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိကြသည်။

မဲခေါင်မြစ်အထက်ပိုင်းတွင် တည်ရှိသော မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဤပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ လျှပ်စစ်စွမ်းအင်၊ သတင်းမီဒီယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍများတွင် အကျိုးကျေးဇူးများ ရရှိလျက်ရှိသည်။

သို့သော် လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် စိန်ခေါ်မှုများလည်း ရှိနေမည်ဖြစ်၍ ယင်းစိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အားစိုက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင်ထူထောင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထာဝရအစွန့်ရှည် တည်တံ့စေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ခိုင်မာအားကောင်းစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်းအပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန







# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် မတ် ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁( MICC-1) ၌ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပမည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World) အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲကျင်းပမည့် ကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ဖွင့်ပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနားတွင် အနုပညာဦးစီးဌာနမှ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ရန် အစမ်းလေ့ကျင့်နေမှု၊ မီးနှင့် အသံပိုင်းဆိုင်ရာများ ပြင်ဆင်ထားရှိမှု၊ Video Clip ပြင်ဆင်ထားရှိမှု၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ သုံးသပ်ဆွေးနွေးပွဲတွင် ပြသမည့် မှတ်တမ်းဓာတ်ပုံ Live Box များ ပြင်ဆင်ထားရှိမှုနှင့် အခမ်းအနားတစ်ခုလုံး အသေးစိတ် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဆွေးနွေးပွဲသို့ တက်ရောက် ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးနှင့် နေပြည်တော်၏ အထင်ကရဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ" ၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ" စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေး လေ့လာ သုံးသပ်သူများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ တက်ရောက်ကြမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေး အပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာက သိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်း ဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲ ပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ် မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ၏ဖွင့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများ ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World) တက်ရောက်ရန် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများအား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ညနေပိုင်းတွင် အဆိုပါအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲကို မတ် ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I)၌ ကျင်းပသွားမည်ဖြစ်ပြီး တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မွန်ပြည်နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်အတွင်းရှိသမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုဒုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် စွမ်းရည်များပြည့်ဝစေရေးတို့အတွက် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များကို အဆင်ပြေအောင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး သင်တန်းကျောင်းအတွင်း ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ်လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက် လည်ပတ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်အနေဖြင့် စပါးများဝယ်ယူကြိတ်ခွဲရာတွင် အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထုတ်လုပ်ခြင်းမှ ထွက်ရှိလာသောစပါးများအား ဝယ်ယူကြိတ်ခွဲဆောင်ရွက်သွားရန်နှင့် အသင်းတောင်သူများလိုအပ်သည့် သွင်းအားစုများကိုလည်း သမဝါယမအသင်းအဆင့်ဆင့်မှ သီးနှံပေါ်ပေးစနစ်ဖြင့် ထောက်ပံ့ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)သို့ ရောက်ရှိပြီး သင်တန်းကျောင်းအတွင်း သံကူကွန်ကရစ် သုံးထပ်စာသင်ကျောင်းဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့ရှိ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် တောင်သူများလိုအပ်သည့် နည်းပညာများကို ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျေးရွာရှိ စိုက်ပျိုးရေးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများမှ အကူအညီတောင်းခံလာပါက ဆက်စပ်ဦးစီးဌာနများနှင့် တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

မော်လမြိုင် မတ် ၁၉

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၏ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။





တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် “We are Myanmar” ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေရန် ဆောင်ရွက်ရပါကြောင်း၊ မိမိတို့ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာ တင်ပြဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးတို့က ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ရှမ်းနှင့် ဗမာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို ရင်းနှီးစွာနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မတ် ၁၇ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် Myanmar MSC Company Limited ၏ တစ်သျှူးကာလ်ချာနည်းဖြင့် ရေမှော်မျိုးပွားခြင်းနှင့် ဓာတ်ခွဲခန်းအတွင်း ရေမှော်မျိုးပွားယူခြင်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရေမြေဒေသနှင့်ကိုက်ညီသည့် ရေမှော်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်သည့် ရေမှော်များ သုတေသနပြုစမ်းသပ်ရှာဖွေခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်နှင့် ပြည်ပသို့ ကုန်ကြမ်းရေမှော် တင်ပို့ရောင်းချခြင်းအပြင် တန်ဖိုးမြှင့်စားသောက်ကုန်ချော ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြိတ်မြို့နယ် ရွှေဒူးကျေးရွာရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ကျင်းပသည့် နှစ်ရှည်သီးနှံ အကျိုးဆောင်တောင်သူများအတွက် ကော်ဖီ၊ ကိုကိုးပျိုးပင်များနှင့် သဘာဝမြေသြဇာများ ပေးအပ်ပွဲသို့ တက်ရောက်အားပေးစကား ပြောကြားကာ နှစ်ရှည်သီးနှံ အကျိုးဆောင်တောင်သူများအား ကော်ဖီ၊ ကိုကိုးပျိုးပင်များနှင့် သဘာဝမြေသြဇာများ ပေးအပ်သည်။

ဆက်လက်၍ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန၏ ဆီအုန်းနှင့် ရော်ဘာမျိုးများ သုတေသနဆောင်ရွက်နေမှု၊ ဆီအုန်းစေ့အစို့ဖောက်ခြင်း၊ ရော်ဘာဖူးဆက်ပျိုးပင်ထုတ်လုပ်မှု၊ ရော်ဘာမျိုးကိုင်းပွားခင်း စိုက်ပျိုးထားရှိမှုနှင့် နည်းပညာပေးလုပ်ငန်း ဆောင်ရွက်နေမှု၊ နည်းပညာဖြန့်ဝေပေးနေမှုများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျွန်းစုမြို့နယ် မအိုင်ကျွန်းပေါ်ရှိ ဩဘာစံကုမ္ပဏီနှင့် ကျော်ကောင်းထက်ကုမ္ပဏီတို့၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူဦးရေ စုစုပေါင်း ၂၀၈၅၈၀ ရှိ

နေပြည်တော်   မတ်   ၁၉

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ ဦးရေစုစုပေါင်း ၂၀၈၅၈၀ ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူဦးရေ စုစုပေါင်း ၂၀၈၅၈၀၊ ပျက်ကွက် ၁၂၂၆၃ ဦးရှိကာ ဖြေဆိုသူ (၉၄ ဒသမ ၄၅ ) ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - သင်္ချာ | နေ့စွဲ - ၁၉-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၀ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၄ | ၆၀၂၀ | ၉၈၆၄ | ၂၈၇ | ၁၅၄ | ၄၄၁ | ၉၅.၇၂% | ၄.၂၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၂ | ၇၅၂၆ | ၁၂၃၈၈ | ၃၃၃ | ၂၆၄ | ၅၉၇ | ၉၅.၄၀% | ၄.၆၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၂ | ၅၅၇၀ | ၉၆၇၂ | ၃၀၀ | ၂၀၀ | ၅၀၀ | ၉၅.၀၈% | ၄.၉၂% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၁ | ၁၀၄၅၀ | ၁၇၈၄၁ | ၄၇၀ | ၂၈၉ | ၇၅၉ | ၉၅.၉၂% | ၄.၀၈% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၇၈ | ၁၉၅၈၈ | ၃၄၂၆၆ | ၇၉၅ | ၄၃၉ | ၁၂၃၄ | ၉၆.၅၂% | ၃.၄၈% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၆၉၁ | ၂၀၆၅၇ | ၃၇၃၄၈ | ၁၁၀၇ | ၈၀၈ | ၁၉၁၅ | ၉၅.၁၂% | ၄.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၀ | ၇၇၅၈ | ၁၂၃၉၈ | ၂၀၂ | ၁၇၈ | ၃၈၀ | ၉၇.၀၃% | ၂.၉၇% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၀ | ၁၀၄၄ | ၁၆၉၄ | ၂၈ | ၂၃ | ၅၁ | ၉၇.၀၈% | ၂.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၅ | ၁၈၅၈၀ | ၃၂၂၃၅ | ၁၂၂၁ | ၈၁၉ | ၂၀၄၀ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၁၀ | ၇၁၉၆ | ၁၂၉၀၆ | ၅၄၆၉ | ၇၀၆၆ | ၁၂၅၃၅ | ၂၄၁ | ၁၃၀ | ၃၇၁ | ၉၇.၁၂% | ၂.၈၈% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၀၄ | ၂၅၀ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၁၄ | ၁၂၂၃၆၆ | ၂၀၈၅၈၀ | ၆၆၉၀ | ၅၅၇၃ | ၁၂၂၆၃ | ၉၄.၄၅% | ၅.၅၅% | |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး



နေပြည်တော်   မတ်   ၁၉

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတတိယနေ့သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်နှစ် တစ်နှစ်တာ ကာလအတွင်း လေ့လာသင်ယူကျက်မှတ်ခဲ့သည်များကို မိမိတို့ရည်မှန်းထားသည့်အတိုင်း အကောင်းဆုံးကြိုးစားဖြေဆိုကြရန် အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေး၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မအူပင်တက္ကသိုလ်၊ ညောင်တုန်းမြို့နှင့် မအူပင်မြို့တို့ရှိ စာစစ်ဌာနများအား လှည့်လည်ကြည့်ရှု

နေပြည်တော်   မတ်   ၁၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် မအူပင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများရှိစာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။



ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများ ဘာသာစုံပြီးမြောက်သည်အထိ မပျက်မကွက် စာမေးပွဲဖြေဆိုရေးနှင့် စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်တက္ကသိုလ်သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ နေ့သင်တန်းစာမေးပွဲများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ ဘာသာရပ်ဌာနများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အစည်းအဝေးခန်း၌ တက္ကသိုလ်ဆရာ ဆရာမများနှင့် တွေ့ဆုံရာ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး၊ စစ်ဆေးအကဲဖြတ်ရေးနှင့် ဆရာအရည်အသွေးမြှင့်သင်တန်းများ မပျက်မကွက် တက်ရောက်ရေး တိုက်တွန်းပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ မအူပင်တက္ကသိုလ်ရှိ စာကြည့်တိုက်၊ အားကစားရုံ၊ အားကစားကွင်း၊ ကျောင်းသားနားနေဆောင်၊ အိပ်ဆောင်နှင့်ဓမ္မာရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံ ပညာအထက်တန်း ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲ ဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခု နှင့် ပြည်တွင်း စာစစ်ဌာန ၈၀၄ ခု စုစုပေါင်းစာစစ်ဌာန ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်လာရောက်ဖြေ ဆိုသူ စုစုပေါင်း ၂၀၈၅၈၀ ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေသန့်ဘူးများနှင့် အချိုရည်ဘူးများ ပေးဝေခဲ့ကြကြောင်း သိရသည်။





ဆရာမ



ကျောင်းသား

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ယူဆောင်ရွက်နေသည့် ဆရာမတစ်ဦးနှင့် ပါဝင်ဖြေဆိုသည့် ကျောင်းသားတစ်ဦး၏ စကားသံကို ယခုလို ကြားသိခဲ့ရသည်-

**ဆရာမ**

“ကျွန်မက အ.ထ.က (၂၂) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်စာမေးပွဲအတွင်း ကြီးကြပ်ရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်နေတာပါရှင့်။ ကျောင်းသား ကျောင်းသူ ဖြေဆိုတဲ့စာရင်းရှိတာက ၃၀၄ ဦးပါ။ တကယ်တမ်းဖြေဆိုတာက ၂၈၃ ဦးပါ။ ကျောင်းသား ကျောင်းသူ ဖြေဆိုတဲ့ရာခိုင်နှုန်းက ၉၃ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာစာနေ့ကတော့ သူတို့ဖြေဆိုပြီးတဲ့အချိန်မှာ ရွှင်လန်းတက်ကြွပျော်ရွှင်စွာနဲ့ ဖြေဆိုနိုင်ကြတဲ့အကြောင်းပြောပြီး ပြီးသွားခဲ့ပါတယ်။ အင်္ဂလိပ်စာနေ့မှာ အချိန်မစေ့ခင်ထွက်တာလည်း မရှိဘဲ၊ ကြိုးစားပြီးတော့ ဖြေကြပါတယ်။ စနစ်သစ်နဲ့စနစ်ဟောင်းမှာတော့ ကွာခြားချက်ကစနစ်သစ်ရဲ့ သင်္ချာ၊ ရူပဗေနဲ့ဓာတုဗေဒ ဘာသာတွေ၊ ဘာသာရပ်တွေ အားလုံး သူတို့ရဲ့ သင်ရိုးညွှန်းတမ်းတွေကအစ အဆင့်မြင့်လာတာကို တွေ့ရပါတယ်။ အဲဒီအတွက် ကလေးတွေလည်း ကျွမ်းကျင်မှု၊ တတ်မြောက်မှု နယ်ပယ်အသီးသီးမှာလည်း ပိုမိုမြင့်မားလာမှာပါရှင့်။ အခြေခံပညာအထက်တန်းအဆင့် Grade – 12 ပြီးဆုံးသွားတယ်ဆိုတာ ကိုယ့်ရဲ့သမိုင်းမှတ်တမ်းတစ်ခု ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးပဲ ကြိုးစားပြီး ဖြေဆိုကြပါ။ အောင်မြင်အောင်လည်း ဖြေဆိုကြပါ။ ဂုဏ်ထူးတွေရအောင်လည်း ဖြေဆိုကြပါလို့အားပေးချင်ပါတယ်ရှင့်။”

**ကျောင်းသား**

“ မနေ့ကအင်္ဂလိပ်စာဖြေခဲ့အခါမှာ အားရမှုရှိသလို၊ အားမရမှုလည်း နည်းနည်းရှိပါတယ်ခင်ဗျာ။ မေးခွန်းအားလုံးကိုလည်း ဖြေဆိုနိုင်တယ်လို့မဟုတ်ပါဘူး။ တချို့တစ်ဝက်တွေက ကိုယ်ရဲ့ဉာဏ်နဲ့သိသလောက်တော့ ဖြေခဲ့ပါတယ်။ ဒီနေ့သင်္ချာမှာလည်း ကျွန်တော် ဂုဏ်ထူးတော့မှန်းထားပါတယ်။ မြန်မာနဲ့အင်္ဂလိပ်ကိုလည်း ဂုဏ်ထူးမှန်းထားပါတယ်။ ဖြေခဲ့တဲ့ဘာသာတွေအားလုံးကို အားရမှုရှိတယ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်။”

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ငရုတ်ကောင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး



**ပုသိမ် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ငရုတ်ကောင်းအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ တာဝန်ရှိသူများအား တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိဖြေဆိုနိုင်ရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန်၊ ထူးခြားမှုတစ်စုံတစ်ရာရှိပါက ကွပ်ကဲရေးရုံးများမှတစ်ဆင့် အချိန်မီသတင်းပေးပို့ကြရန်နှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးမှာကြားကာ သင်္ချာဘာသာရပ်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ငရုတ်ကောင်း-ချောင်းဝ-နံ့သာပု-ဂျိုင်လေး-ဂေါ်ရန်ဂျီကျွန်းလမ်းပေါ်ရှိ ချောင်းဝတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် တံတားဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က အပြီးသတ်လုပ်ငန်းများ အဆင့်မီမီပြီးစီးစေရေး၊ လုပ်ငန်းသုံးပစ္စည်းများစနစ်တကျ သိမ်းဆည်းစေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရန်နှင့် လိုအပ်သည်များဖြည့်စွက်မှာကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဝတံတားအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု သွားရောက်ကြည့်ရှုအားပေး

**ပဲခူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၇၈၃ ဦး တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုနေမှုကို လှည့်လည် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ကြီးကြပ်ရေးမှူး ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၅၁၃ ဦး တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး နေ့စဉ် စာမေးပွဲဖြေဆိုပြီးချိန်တိုင်း အချိုရည်နှင့် မုန့်များ ဖြန့်ဝေပေးရန်၊ စာဖြေချိန်မီ ရောက်ရှိစေရေး လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးရန်နှင့် စာမေးပွဲဆိုင်ရာ သတ်မှတ်စည်းကမ်းချက်၊ ညွှန်ကြားချက်များနှင့်အညီ ဖြေဆိုနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ကြီးကြပ်ရေးမှူး ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) တရုတ်ကုန်သည်များအသင်းချုပ်နှင့် လူမှုရေးအသင်းများ ရွှေတိဂုံစေတီတော်မြတ်ကြီးအား စုပေါင်းရွှေသက်န်းကပ်လှူ

**နေပြည်တော် မတ် ၁၉**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦး ဦးဆောင်၍ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ ရန်ကုန် ယူနန် လူမှုကူညီရေးအသင်း၊ မြန်မာ ဟုတ်ကြန့်(ဖူကင်)တရုတ် အမျိုးသားများအသင်း၊ မြန်မာနိုင်ငံ ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်းတို့ စုပေါင်း၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ငွေကျပ် ၄၇၅ သိန်းတန်ဖိုးရှိ ရွှေသက်န်း ၁၉ ကျပ်သား ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရေးဟောင်းတန်ဆောင်း၌ကျင်းပ၍ လှူဒါန်းပူဇော်ကြသည်။

**ရွှေသက်န်းများကပ်လှူ**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဆရာတော် ဒွိပိဋကဘဒ္ဒန္တအဂ္ဂသာမိ၊ ရွှေတိဂုံစေတီ ဩဝါဒါစရိယ လှုရတနာဆရာတော်၊ ရွှေပြည်သာဆရာတော်တို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး သီလဆောက်တည်ခြင်း၊ ဂေါပကအဖွဲ့ထံ ရွှေသက်န်းများ ပေးအပ်လှူဒါန်းခြင်း၊ သာဓု အနုမောဒနာတရား နာယူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခြင်းနှင့် အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ လိုအပ်သောကိုယ်လုံးတော်၌ ရွှေသက်န်းများ စုပေါင်းကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သာသနာတော်နှစ် ၂၅၆၈ - ၂၅၆၉ ခုနှစ် သင်္ကရာဇ် ၁၃၈၆ - ၁၃၈၇ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်- အတက်- နှစ်ဆန်း(၁)ရက် နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**

- ဇေယတု - မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တာကူးလပြည့်ကျော် (၂)ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁၄)ရက် တနင်္လာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၆-နာရီ၊ ၃၇-မိနစ်၊ ၂၁-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၃)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တာကူးလပြည့်ကျော် (၃)ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၅)ရက် အင်္ဂါနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၄)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တာကူးလပြည့်ကျော် (၄)ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက်စက် ၁၀-နာရီ၊ ၄၂-မိနစ်၊ ၃-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၅)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တာကူးလပြည့်ကျော် (၅)ရက်
- ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၇)ရက် ကြာသပတေးနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း (၁)ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ**

ဤ ၁၃၈၇ ခုနှစ်တွင် ဝါဆိုဝါကပ် လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်းရဟန်းတော်အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်၊ ကြာသပတေးနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့၊ စနေနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

**ဦးပညိန္ဒ**
**ဥက္ကဋ္ဌ**

**ဦးပြေငြိမ်း**
**ဒုတိယဥက္ကဋ္ဌ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ အိမ်တိုင်ရာရောက် လိုက်လံချီးမြှင့်ပေးအပ်

**ရန်ကုန် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များကို အခမ်းအနားဖြင့် ချီးမြှင့်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း အခမ်းအနားသို့ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသော ဘွဲ့ခံပုဂ္ဂိုလ်များအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်များနှင့် မိသားစုဝင်များ၏ နေအိမ်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းကြသည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိကြသူများဖြစ်သည့် ဦးမောင်မောင်လေး



(သံအမတ်ကြီး-ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနအား လည်းကောင်း၊ ဦးသောင်းလွင် (သံအမတ်ကြီး-ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန (ကိုယ်စား) သမီးဖြစ်သူအား လည်းကောင်း၊ စည်သူဘွဲ့ရရှိသည့် ဒေါက်တာ မင်းတင်မွန်(ပါရဂူမင်းနန္ဒာ) (စာရေးဆရာ) ပြန်ကြားရေးဝန်ကြီးဌာနအားလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို အိမ်တိုင်ရာရောက် ကာယကံရှင်များနှင့် မိသားစုဝင်များထံ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့ နေအိမ်များသို့ သွားရောက်ပြီး ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို အိမ်တိုင်ရာရောက် ကာယကံရှင်ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များထံသို့ လိုက်လံချီးမြှင့်ပေးအပ်ရာ ဘွဲ့ရရှိသူများနှင့် (ကိုယ်စား)လက်ခံရရှိသော မိသားစုဝင်များက ယခုကဲ့သို့ အိမ်တိုင်ရာရောက် လာရောက်ချီးမြှင့်ပေးအပ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ အပါအဝင်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**




ကယားပြည်နယ် လွိုင်ကော်မြို့ အထက(၁) စာစစ်ဌာနၣ် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် (တတိယနေ့)ကို မတ် ၁၉ ရက်က ဖြေဆိုခဲ့ပြီး ကျောင်းသား ကျောင်းသူများ ပြန်လည်ထွက်ခွာစဉ်။

ကိုတွတ်(ပြန်/ဆက်)

**❃ MFF မှ**

ပွဲစဉ် (၂၁) တွင် KKY အသင်းက 7 Brother အသင်းကို သုံးဂိုး-ဂိုးမရှိ၊ Gold Dream အသင်းက Maryar အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက လက်ဝဲသုန္ဒရအသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ Black Cross အသင်းက 7 Dragon အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး JZ Yangon အသင်းနှင့် YCDC Marga Youth အသင်းတို့ သုံးဂိုးစီသရေ၊ TG United အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို မတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ယူကရိန်းအရေး ဆွေးနွေး

ဝါရှင်တန် မတ် ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် ယူကရိန်းအရေးနှင့်ပတ်သက်ပြီး မတ် ၁၈ ရက်တွင် ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးရရှိရန်အတွက် ကနဦးလှုပ်ရှားမှုအနေဖြင့် စွမ်းအင်နှင့် အခြေခံအဆောက်အအုံ အပစ်အခတ်ရပ်စဲရေးမှ စတင်သင့်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့သည်။

ပင်လယ်နက်တွင် အပစ်အခတ်ရပ်စဲရေး၊ အပြည့်အဝ အပစ်အခတ်ရပ်စဲရေးနှင့် အမြဲတမ်းငြိမ်းချမ်းရေးရရှိရန်အတွက် စေ့စပ်ညှိနှိုင်းမှုများကို ချက်ချင်းစတင်မည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြောင်း အိမ်ဖြူတော်၏ ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးသည် စွမ်းအင်ဆိုင်ရာ အဆောက်အအုံများကို ရက်ပေါင်း ၃၀ ကြာ တိုက်ခိုက်ခြင်းမှ ရှောင်ရှားရန် သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပြုချက်ကို ရုရှားသမ္မတ ပူတင်က အပြုသဘောဖြင့် တုံ့ပြန်ခဲ့ကြောင်း ကရင်မလင်က ပြောကြားသည်။

ထို့ပြင် ရုရှား–ယူကရိန်း ပဋိပက္ခကို ဖြေရှင်းရန် ကြိုးပမ်းမှုအဖြစ် ရုရှားနှင့် အမေရိကန် ကျွမ်းကျင်သူအဖွဲ့များ ဖွဲ့စည်းရန် သဘောတူညီခဲ့ကြောင်း အဆိုပါရုံးက ဆိုသည်။

ပဋိပက္ခများ ပြင်းထန်လာခြင်းကို တားဆီးရန် အဓိက ဆောင်ရွက်ရမည်မှာ ယူကရိန်းအား နိုင်ငံခြားစစ်ဘက်ဆိုင်ရာ အကူအညီများနှင့် ထောက်လှမ်းရေးသတင်းများ ပေးအပ်ခြင်းကို အပြီးအပြတ်ရပ်ဆိုင်းရန်ဖြစ်ကြောင်း ကရင်မလင်က ပြောသည်။

ထို့ပြင် အကျပ်အတည်း၏ မူလဇာစ်မြစ်ကို



ဖြေရှင်းရန် လိုအပ်ကြောင်းနှင့် ရုရှား၏ တရားဝင် လုံခြုံရေး အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားသင့်ကြောင်း အဆိုပါရုံးက ပြောကြားသည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ဘာသာပြန်–အောင်ကျော်ကျော်

# နိုင်ငံတကာအာကာသစခန်း၌ ကိုးလကြာသောင်တင်နေသည့် နာဆာအာကာသယာဉ်မှူးနှစ်ဦး ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

ဝါရှင်တန် မတ် ၁၉

နိုင်ငံတကာ အာကာသစခန်း (ISS) တွင် ပြီးခဲ့သည့်နှစ် ဇွန်လမှစပြီး သောင်တင်နေခဲ့သော နာဆာမှ အာကာသယာဉ်မှူးများဖြစ်သည့် ဆူနီဝီလီယံနှင့် ဘတ်ချ်ဝီမော်ရီတို့သည် မတ် ၁၈ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးသည် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက် Crew-9 အာကာသယာဉ်မှူးများ၊ NASA အာကာသယာဉ်မှူး နစ်ခ်ဟာဂေးနှင့် Roscosmos အာကာသယာဉ်မှူး အလက်ခ်ဆန်ဂေါ်ဘန်နော့ဗ်တို့နှင့်အတူ SpaceX ၏ Dragon အာကာသယာဉ်ဖြင့် မတ် ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅၇ မိနစ်တွင် ဖလော်ရီဒါ ကမ်းရိုးတန်းသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ဆူနီဝီလီယံနှင့် ဘတ်ချ်ဝီမော်ရီတို့သည် Boeing ၏ Starliner အာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ခဲ့ပြီး ဟီလီယမ်ယိုစိမ့်မှုနှင့် တွန်းကန်မှုဆိုင်ရာပြဿနာများကြောင့် ပြီးခဲ့သည့် ဇွန်လကတည်းက အာကာသထဲတွင် ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် Starliner အာကာသယာဉ်၏နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့် အာကာသထဲတွင် ရှစ်ရက်ကြာ ခရီးစဉ်အတွက် ကနဦးစီစဉ်ထားသော်လည်း နိုင်ငံတကာ အာကာသစခန်း၌ ကိုးလကျော်ကြာ သောင်တင်နေခဲ့သည်။

နိုင်ငံတကာ အာကာသစခန်းသို့ နာဆာ အာကာသယာဉ်မှူး အန်နီမက်ကလိန်းနှင့် နစ်ခိုးအဲရာစ်၊ ဂျပန် အာကာသစူးစမ်းလေ့လာရေးအေဂျင်စီမှ အာကာသယာဉ်မှူး တာကူယာ အိုနီရှီနှင့် Roscosmos အာကာသယာဉ်မှူး ကီရေးပက်စကော့ဗ်တို့အပါအဝင် မစ်ရှင် Crew-10 အာကာသယာဉ်မှူးအသစ်များ ရောက်ရှိပြီးနောက် Crew-9 အာကာသယာဉ်မှူးများသည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

Crew-9 အာကာသယာဉ်မှူးများသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်ရှိ ဓာတ်ခွဲခန်းတွင် နေထိုင်စဉ်အတွင်း ထူးခြားသော သိပ္ပံနည်းကျစမ်းသပ်မှု ၁၅၀ ကျော်နှင့် နည်းပညာဆိုင်ရာ စမ်းသပ်မှုများကို နာရီပေါင်း ၉၀၀ ကျော် သုတေသနပြုခဲ့ကြောင်း နာဆာမှ ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်မည်

နယူးယောက် မတ် ၁၉

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်မည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ပြောကြားသည်။

ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့များက တိုက်ခိုက်မှုများ ဆောင်ရွက်ပြီးနောက် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဂါဇာဒေသရှိ ဒေသခံများသည် အစ္စရေးတပ်ဖွဲ့၏လေကြောင်းတိုက်ခိုက်မှုများကြောင့် အများအပြားသေဆုံးနေသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက မျက်မြင်တွေ့ရှိနေရကြောင်း ၎င်းကပြောကြားသည်။ ကုလသမဂ္ဂ၏တာဝန်မှာ ၎င်းလက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရေးကို လေးစားလိုက်နာဆောင်ရွက်ရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများကို ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြုရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့ကို ဆောင်ရွက်မည်ဟု ဂူတာရပ်စ်ကပြောကြားသည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ




# အမေရိကန်အသံလွှင့်ဌာနနှင့် လွတ်လပ်သောအာရှအသံဌာနများ ဖျက်သိမ်း

ဖနောင်ပင် မတ် ၁၉

ကမ္ဘောဒီးယားလွှတ်တော် ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမေရိကန် အသံလွှင့်ဌာန (Voice of America) နှင့် လွတ်လပ်သောအာရှအသံ (Radio Free Asia)တို့ကို ဖျက်သိမ်းသည့် ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါအသံလွှင့်ဌာနတို့သည် အမေရိကန်၏ ပြည်ထောင်စုရန်ပုံငွေဖြင့် လည်ပတ်လျက်ရှိသည့် အမေရိကန် သတင်းဌာနများ ဖြစ်သည်။

သတင်းတုများကို တိုက်ဖျက်ရာတွင် ကမ္ဘာကို ဦးဆောင်နိုင်သော ရဲစွမ်းသတ္တိရှိသည့်အတွက် သမ္မတ ဒေါ်နယ်ထရမ့်ကို အထူးကျေးဇူးတင်ပါကြောင်း ဟွန်ဆန်က သူ၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခဲ့ကြောင်း သိရသည်။

ယင်းမီဒီယာနှစ်ခု၏ မိခင်အေဂျင်စီဖြစ်သည့် Global Media ၏ သတင်းဌာနများနှင့် လုပ်ဆောင်ချက်များကို လျှော့ချရန်အတွက် သမ္မတထရမ့်က မတ် ၁၄ ရက်တွင် အမိန့်စာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံတွင် အသည်းရောင်အသားဝါရောဂါစီပိုး တိုက်ဖျက်ရေး ဆောင်ရွက်မည်

အစ္စလာမာဘတ် မတ် ၁၉

ပါကစ္စတန်နိုင်ငံတွင် အသည်းရောင်အသားဝါရောဂါစီပိုး တိုက်ဖျက်ရေးအတွက် ဗဟိုအစိုးရနှင့် တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်သွားကြရေးအတွက် ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က တိုက်တွန်းခဲ့သည်။

ပြောကြား

အသည်းရောင် အသားဝါရောဂါစီပိုး တိုက်ဖျက်ရန် လိုအပ်ပုံကို အစ္စလာမာဘတ်တွင် ကျင်းပသည့် အမျိုးသား အသည်းရောင် အသားဝါရောဂါစီပိုး တိုက်ဖျက်ရေးစီမံချက် အောင်မြင်ခြင်း အခမ်းအနားတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီပေးမှုများဖြင့် အသည်းရောင်အသားဝါရောဂါစီပိုး တိုက်ဖျက်ရေးအစီအစဉ်ကို နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်အစိုးရ၏ ထိရောက်သည့် ဆောင်ရွက်ချက်များကြောင့် နိုင်ငံအတွင်း အသည်းရောင် အသားဝါရောဂါစီပိုးကို အောင်မြင်စွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

နိုင်ငံတော်နှင့် ပြည်သူများအကြား ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ၂၀၃၀ ခုနှစ်တွင် အသည်းရောင်အသားဝါရောဂါစီပိုးကို နိုင်ငံအတွင်း ပပျောက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အက်ရှမ် အက်ကပြောကြားသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

နေပြည်တော် မတ် ၁၉



နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၃၈၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၅၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၃၆၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၄၅၇၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၉၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးသွားကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၉




စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘန့်ဘွေးမြောက်ကျေးရွာနှင့် ထန်းဇင်ကျေးရွာများရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိမ်ခြေ ၁၈ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက် ချေမှုန်းမှုများကြောင့် အကျအဆုံး များပြားလာသဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မတ် ၁၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Min Yoongine” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ နေခြည်နွေးအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၃-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ရိုးရာအစစ်လက်မှုအနှစ်ဝနေထီးလုပ်ငန်း
၀၉:၁၀ NRC အစီအစဉ်
၀၉:၃၅ သွားနှင့်ခံတွင်းကျန်းမာရေး
၁၀:၃၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၀:၄၀ ဇီဝမျိုးစုံတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းကြစို့(မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော)
၁၁:၄၀ NEXT LEVEL
၁၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၆၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၂၆)
၁၅:၂၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ
၁၆:၄၅ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးစကားဝိုင်း(အပိုင်း-၂)
၁၇:၀၅ Soccer View
၁၇:၂၅ လူမှုစီးပွားသတင်းများ
၁၈:၃၅ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၅ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် 'သစ္စာမျိုးဆက်' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၂၁:၁၅ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည့်လက်' (အပိုင်း-၁၀)
၂၁:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'အလင်းဖမ်းသူများ' (အပိုင်း-၂၉)

### mitv

07:02 Evergreen Classic:
07:10 Mote Pel Sote from Intaing Village
07:19 Ecotourism:
07:31 Ramayana Classic Talk & Discussion (Episode-1)
08:01 News
08:26 Asia Updates; Queen of the rainforest A
08:43 Nga Laik Sakhanthar Elephant Camp
09:01 Myanmar Traditional Cart Business
09:22 Local Talents Show (7)
09:28 The Ornithologist: Dr. Thein Aung
10:00 News
10:27 Wushu Kids & Their Limit (Ep-2)

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
၀၆:၅၅ မြန်မာသံစဉ်တေးသီချင်းများ
၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၇)
၀၈:၁၀ စတီရီယိုတေးသီချင်းများ
၀၈:၃၅ ယိမ်းအကဖျော်ဖြေမှု
၀၉:၂၀ ကာတွန်းအစီအစဉ် 'ဖြူဝင်းစိတ်လှ' (အပိုင်း-၂၄)
၀၉:၃၅ စတီရီယိုတေးသီချင်းများ
၀၉:၅၅ မြန်မာရုပ်ရှင်(ဖြူမည်း) 'ထို့ကြောင့်ဤအရာကိုအချစ်ဟုခေါ်သည်'

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခေါင်လန်ဖူးသို့အလည်တစ်ခေါက်(အပိုင်း-၄)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းဖွေရှာစလေ့ရှိရာ(တံခွန်တိုင်ပွဲတော်)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အစာအိမ်ရောင်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ထူးကဲအရသာကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အသီးအခေါ်အဝေါ်)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကျုံရ်မွန်ရွာသို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ညောင်စေးပြုလုပ်ခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
စကားပုံများမှ မှတ်သားစရာ(ပိုင်ရှင်ပြောတော့နသေး လိုချင်သူအတွက်တော့ရင့်မှည့်ပြီ)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းဖြိုမှ ရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော် (ပရိဘောဂပစ္စည်း)(အပိုင်း-၁)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစားသတင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိမ်ချန်မှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း - ၂)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၀)

### MRTV FARMERS HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ How Texas Farmers Use 127 Million Acres Of Farmland-American Farming Documentary
၁၉:၂၀ The Flood
၂၀:၀၀ အပင်း(ဇာတ်လမ်း)
၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly MNL Review
၁၇:၀၀ အားကစားသတင်း
၂၀:၀၀ ကမ္ဘာ့ဖလားအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ (Replay) ရှမ်းပြည်နယ်(၈) Vs ထီလာမောင်

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ သီတာရပ်ကွက်နှင့် ရှောရပ်ကွက် ရပ်ကွက်ချင်းဆက် ဇော်ဂျွန်းနိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၉

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်နှင့် ရှောရပ်ကွက်ကို ဆက်သွယ်ထားသည့် ဇော်ဂျွန်းလမ်းနိုင်လွန် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဇော်ဂျွန်းလမ်းနိုင်လွန်ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်းမြို့တွင်းရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

နေပြည်တော် မတ် ၁၉

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နန်းမြို့တွင်းရှိနယ်မြေခံ တပ်မတော် ဆေးတပ်ရင်း၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များ၊ စေတနာရှင် သွေးအလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် သွေးအလှူရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သွေးအလှူရှင် စုစုပေါင်း ၂၂၀ တို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာ အသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**လက်ခံရယူ**

အဆိုပါ သွေးအလှူရှင် ၂၂၀ က လှူဒါန်းထားသော သွေးများကို တိုင်းမှူးက အထွေထွေရောဂါကုဆေးရုံကြီး (မန္တလေး) သို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းကြသည့် စေတနာရှင် သွေးအလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ အသက်မပြည့် စစ်သည် ၉၃ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါစစ်သည်များအား ၎င်းတို့၏မိဘများထံသို့ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။



အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရေးချုပ်ရုံး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် ရဲရင့်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNRCO၊ UNICEF၊ UNHCR၊ ILO တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရအသက်မပြည့် စစ်သည် ၉၃ ဦးနှင့် ၎င်းတို့၏ မိဘများ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား ဗိုလ်မှူးချုပ် ရဲရင့်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ် မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်ကပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့်အဆက်အသွယ် မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ၊ မရှိ စစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန် ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန် ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် မြဝတီစာပေတိုက်ခန်းမတို့၌ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အခမ်းအနားဖြင့် ၁၈ ကြိမ်၊ တပ်မတော်အစီအစဉ်ဖြင့် လေးကြိမ်၊ ပေါင်း ၂၂ ကြိမ် ရှိခဲ့ရာ စုစုပေါင်း ၁၁၅၀ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို UNCTFMR နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ် ခြောက်လ သက်တမ်းတိုးမြှင့် လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံး ထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် မတ် ၁၉

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# မန်းရွှေစက်တော်ဘုရားပွဲတွင် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု ဘုရားဖူးလာပြည်သူများနှင့် ဒေသခံများ အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေး

**မင်းဘူး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ပွဲတော်ကာလ နိုင်ငံကျော် အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတ ဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက် ည ၈ နာရီက ဖျော်ဖြေတင်ဆက်ခဲ့ရာ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံများက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

**ဖျော်ဖြေတင်ဆက်**

ထို့သို့ ဖျော်ဖြေတင်ဆက်ရာတွင် မန်းရွှေစက်တော်ဘုရားသောင်ပြင်အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်၌ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကာလ တပေါင်းပွဲတော် ပထမညအဖြစ် "မင်းထွေး" ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံများအား အငြိမ့်ဇာတ်မင်းသား/ မင်းသမီးများ၊ တေးသံရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက ရွှေခိုင်ဇော် မင်္ဂလာဆိုင်းဖြင့် တွဲဖက်၍ မြိုင်မြိုင်ဆိုင်ဆိုင် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ အငြိမ့်သဘင်၊ တေးဂီတ ဖျော်ဖြေပွဲကြီးကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ည ၈ နာရီမှ စတင်ပြီး နှစ်ညတိုင်တိုင် အခမဲ့ ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြောင်း၊ ဖျော်ဖြေပွဲပထမညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း လူဦးရေ၁၀၈၃ ဦးက တစ်ခဲနက် လာရောက်



ကြည့်ရှုအားပေးပြီး အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ၆၆ ကေဗွီ ကျိုက္ကဆံဓာတ်အားခွဲရုံအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ်ရှိ ၆၆/၁၁/၆ ဒသမ ၆ ကေဗွီ ၁၁၀ အမ်ဗွီအေ ကျိုက္ကဆံဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် ၆၆/၁၁/၆ ဒသမ ၆ ကေဗွီ ၁၁၀ အမ်ဗွီအေ ကျိုက္ကဆံဓာတ်အားခွဲရုံမှ ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးထားမှု၊ ဖီဒါအလိုက် မီတာများတပ်ဆင်ဖတ်ရှုမှတ်တမ်းတင်ထားမှု၊ ရန်ကင်းနှင့် တာမွေမြို့နယ်တို့၏ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်ထားမှု အခြေအနေများနှင့်ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာနှင့် Switchgear များ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံနှင့် Switch Yard အတွင်း သန့်ရှင်းရေးပုံမှန်ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

■

# တိုက်ကြီးမြို့နယ်၌ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အခြေခံအင်္ဂလိပ်စကားပြောနှင့် သဒ္ဒါအသုံးအနှုန်းများ ကျွမ်းကျင်တတ်မြောက်စေရန်အတွက် ဆရာ ဦးတင့်နိုင်ကျော်က ပို့ချဆွေးနွေးသည်။

အဆိုပါ အင်္ဂလိပ်စာသင်တန်းတွင် အခြေခံပညာအထက်တန်းကျောင်း (မြို့မ)မှ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၅၀ တို့အား မတ် ၁၉ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ်၌ ဘဏ္ဍာရေးစာရင်းကိုင်(၄)ဝန်ထမ်းများ အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာရုံးတွင် စာရင်းကိုင်(၄) အရည်အသွေးမြှင့် မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၅) သင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက်ပိုင်းက ခရိုင်လျှပ်စစ်မန်နေဂျာရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေး လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးထွန်းထွန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အထွေထွေ



မန်နေဂျာ(ဘဏ္ဍာ)နှင့် တာဝန်ရှိသူများက ငွေစာရင်းထိန်းသိမ်းခြင်း၊ လချုပ်၊ နှစ်ချုပ်ရေးဆွဲခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ သင်ကြားခြင်းနှင့် သင်ကြားပို့ချမှု ဆန်းစစ်ခြင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ပြင်ဦးလွင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဘဏ္ဍာရေး စာရင်းကိုင်(၄) ဝန်ထမ်း ၃၀ အား မတ် ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင် ဦးအေးဝင်း (မောင်သိန်းခိုင်)က မုဒိတာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပန်းချီဆရာ ဦးအောင်ခန့်ဗိုလ်က အခြေခံ ပန်းချီရေးဆွဲနည်း၏ နည်းစနစ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပန်းချီသင်တန်းနည်းပြ ဆရာအဖြစ် ဦးအောင်ခန့်ဗိုလ်နှင့် ဦးသက်ဦးတို့က သင်ကြားပို့ချပေးမည်ဖြစ်ပြီး မတ် ၁၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၉ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

# ပဲကြီးစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

**မန္တလေး မတ် ၁၉**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုး နှင့် မြောင်းပေါင်များတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ယာမြေနှင့် လယ်မြေများတွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ဧက ၁၂၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရပြီး ယခုအချိန်တွင် ပဲကြီးသီးနှံများ ရိတ်သိမ်းလျက်ရှိသည်။



ပဲကြီးသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် ခူးဆွတ်ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျပြီး ပဲကြီးသီးနှံကို ငါးရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်လျှင် တစ်တင်းမှ တစ်တင်းခွဲအထိ ခူးဆွတ်ရပြီး တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကာ တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း ပဲကြီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# ခွေးတောက်ပင်များကို လယ်ယာမြေများတွင် စီးပွားဖြစ် စိုက်ပျိုးလာ

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ခွေးတောက်ပင်များကို စိုက်ပျိုးလာကြကြောင်း၊ ယခင်က သဘာဝအလျောက်ပေါက်သော ပင်ကြီးခွေးတောက်ရွက်ကို ခူးယူ၍ ရောင်းချကြပြီး ယခုအခါတွင် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အချိန်မရွေးစားသုံးနိုင်သော ပင်သေး(ထွက်တိုး)ခွေးတောက်ပင်များကို လယ်ယာမြေများတွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ပင်သေးခွေးတောက်ပင်ကို စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင် ၄၅ ရက်သားအရွယ်တွင် ပေါင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ခွေးတောက်မျိုးစေ့ တစ်ပြည်ခန့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ခွေးတောက်ရွက်များကို ၇-၁၀ ရက်ခြားတစ်ကြိမ် ခူးဆွတ်နိုင်၍ တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၈၀ ခန့်ရရှိပြီး တစ်ဧကအတွက် တစ်လလျှင် ပိဿာချိန် ၂၄၀ ခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်-မန္တလေးမြို့တို့ရှိ ဈေးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ခွေးတောက်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် အပင်ဖြစ်ထွန်းအောင်မြင်မှုနှင့် ဂရုစိုက်ပြုစုမှုကောင်းမွန်ပါက တစ်နှစ်ပတ်လုံး အထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်း(ဆောင်း) သီးနှံ ရိတ်သိမ်းမှုနှင့် ဈေးကွက်

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်းသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၈၀ စိုက်ပျိုးခဲ့ပြီး ၈၉၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ပဲတီစိမ်း(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့်နိုဝင်ဘာလတွင် စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် ပဲတီစိမ်းများ ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂-၁၃ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစိုက်တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိကြောင်း ပဲတီစိမ်းစိုက် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# မြေပဲ(ဆောင်း)သီးနှံ ဈေးနှုန်းကောင်းမွန်လျက်ရှိ

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ ခရိုင်အတွင်း မြေပဲ(ဆောင်း)သီးနှံ စိုက်ပျိုးမှုအနေဖြင့် ၁၁၅၇ ဧက စိုက်ပျိုးထားရှိပြီး ၂၁၃ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မြေပဲ(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် တူးဖော်ရကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်မြေပဲမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၅၃၀၀၀၀ ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၄၅ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများနှင့် ဒေသတွင်းဆီစက်လုပ်ငန်းရှင်များက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ် ဖြစ်လျက်ရှိသည့်အပြင် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ မြေပဲစိုက်ပျိုးခြင်းသည် စားသုံးဆီဖူလုံသည့်အပြင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုး အမြတ်ရရှိကြောင်း သိရသည်။



## ၁၉-၃-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၅၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၁၉၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၆၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၁၀၀၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၁၅၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၆၅၀ | ၉၅၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၇၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၁၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၉၀၀ | ၉၅၀၀ | ၈၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၁၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၆၀၀ | ၁၂၅၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၅၉၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၅၈၀၀ | ၁၀၀၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၅၈၀၀ | ၇၇၀၀ | ၄၅၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၄၀၀၀ | ၁၃၆၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၉၀ | ၁၆၂၀၀ | ၂၆၀၀ | ၁၃၄၀၀ | ၁၆၂၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၁၉၅၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၄၀၀၀ | ၁၄၀၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# ရန်ကင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကြည့်ရှုအားပေး



**ရန်ကင်း မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုရာသို့ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျောင်းသား မိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ရန်ကင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အား စာရင်းရှိကျောင်းသား ၁၇၅ ဦး ကျောင်းသူ ၁၈၂ ဦး စုစုပေါင်း ၃၅၇ ဦး စာရင်းပေးသွင်းထားပြီး ယနေ့လာရောက်ဖြေဆိုသူ ကျောင်းသား ၁၇၁ ဦး ကျောင်းသူ ၁၇၆ ဦး စုစုပေါင်း ၃၄၇ဦးရှိပြီး ပျက်ကွက် ၁၀ ဦးနှင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၂၀ ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

လှလှထွေး(ပြန်/ဆက်)

# ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေး




**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦးအား ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Frontiir Company Limited မှ အာမခံအလုပ်သမား ဦးအောင်ကျော်ကျော် လုပ်ငန်းခွင်ပြင်ပသေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးစန်းဦးထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ ၂၀၂၅ မှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၈ နာရီ ၁၅ မိနစ်မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV Parliament၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများ ဖြစ်ကြသော MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသည့် ပတ္တမြား၊ ချယ်ရီ၊ ပဒ္ဒဝတီ၊ မန္တလေး၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

# သရက်မြို့၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်မြို့မကျန်းမာရေးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ကျန်းမာရေးဝန်ထမ်းများက စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများ၊ ကားဂိတ်ရှိ ခရီးသည်များနှင့် ခရိုင်ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသည့် လူနာများ၊ လူနာစောင့်များအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဗီနိုင်းများကို ချိတ်ဆွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



○ ကျောဖုံးမှ

ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်း၏ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲမှာ အရှုံးအနိုင်ရလဒ် မထွက်ပေါ်ဘဲ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ နည်းပြသစ် ကူရိုဆာကီနှင့် ကစားသမားသစ်အများစုပါဝင်လာသည့် မြန်မာယူ-၂၂ အသင်းတို့၏ ပထမဆုံး နိုင်ငံတကာပွဲစွမ်းဆောင်ရည်မှာ ကျေနပ်စရာမကောင်းသလို လိုအပ်ချက်များစွာ တွေ့မြင်ခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဟိန်းထက်စိုး(ဂိုး)၊ မြတ်ဘုန်းခန့်၊ ဝေယံလင်းသူ၊ မာတီနို၊ ဝိုင်းလု၊ အာကာကျော်၊ မိုးဆွေ၊ စခန့်ချော၊ ရဲရင့်ဖြိုး၊ စောမျိုးဇော်၊ သန်းတိုးအောင်တို့ ပါဝင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ နှစ်သင်းစလုံးကွာခြားမှုမရှိသလို အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း မြန်မာအသင်းအနေဖြင့် အသင်းလိုက်ကစားပုံ အချိတ်အဆက်လွဲချော်နေသည့်အပြင် တစ်ဦးချင်းထိုးဖောက်မှုများမှာလည်း ထိရောက်မှုမရှိသဖြင့် ပထမပိုင်းတွင် ဟောင်ကောင်အသင်းကပင် ဂိုးရနိုင်သည့်အခွင့်အရေး ပိုမိုရရှိခဲ့သည်။ ဘားတန်းထိထွက်မှုတစ်ကြိမ် အပါအဝင် ဂိုးသွင်းခွင့်အချို့ အသုံးမချနိုင်သဖြင့် ဟောင်ကောင်အသင်း ဂိုးမရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို မတ် ၂၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




**"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးကြောင်း အများသိစေရန် ကြေညာခြင်း"**

ဦးအောင်မျိုးဟိန်း [၁၂/ဥကတ(နိုင်)၁၄၆၇၅၃]နှင့် ဒေါ်မြင့်မြင့်ခိုင် [၁၄/ပတန(နိုင်)၁၃၇၂၆၂] တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် ၁၈-၃-၂၀၂၅ ရက်နေ့တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံး၏ မှတ်ပုံတင်အမှတ်-(၃၇/၂၀၂၅)တွင် ကွာရှင်းပြတ်ဆဲခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆို ကွာရှင်းပြတ်ဆဲပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြီးသည့်အချိန်မှစပြီး တစ်ဦးနှင့်တစ်ဦး မည်သို့သောအကြောင်းကိစ္စနှင့်မျှ ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်ခိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေးသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၂၅၇)**
**မမ.၃၂၄ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊**
**လှည်းကူးမြို့၊ ၀၉- ၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေကွက်အမှတ်(၆၂/ခ)၊၁၂၀၀၈/ပေ၊မြေကွက်တည်နေရာအမှတ်(၆၂/ခ)၊ဘုမ္မာ(၂)လမ်း၊(၈)ရပ်ကွက်၊ဦးသန်းအောင်(AB-၀၁၆၂၄၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်ဦးသန်းအောင်(ခင်ပွန်း)သည်(၂၆-၆-၁၉၉၅)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်သန်းရီ(၁၂/ဥကမ(နိုင်)၀၆၄၂၂၂)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၂၁၀/၂၀၂၄/၁၇-၉-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

၁။ ဒေါ်အေးအေးမိုး(ကိုယ်တိုင်နှင့် ကျန်တရားနိုင်များ၏အခွင့်ရ ကိုယ်စားလှယ်)
၂။ ဦးစိန်ဝင်း
၃။ ဦးခင်မောင်လတ်
၄။ ဦးသန်းစိုးထိုက်
၅။ ဒေါ်လှကြည်
၆။ ဒေါ်ခင်ခင်စိုး
၇။ ဒေါ်ကေသီခိုင်
၈။ ဒေါ်ခင်မာရီ

နှင့် ဦးခင်မောင်ထွေး

ဒီကရီအနိုင်ရသူ — တရားရှုံး

ယခင်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှု အမှတ်-၂၅၂/၂၀၁၄ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၃)ရက် နံနက်(၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍လေလံတင်ရောင်းချရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တင်နွယ်အောင်)
ဒုတိယခရိုင်တရားသူကြီး(၄)
သဃ်န်းကျွန်းခရိုင်တရားရုံး

### ပစ္စည်းစာရင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ်-၉ ဟုခေါ်တွင်သော ဧရိယာ(၀.၇၇)ဧက၊ အကွက်အမှတ်-၅၀၊ ဦးပိုင်အမှတ်-၂၀၁၊ စတုရန်းပေ(၃၅ပေx၁၀၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

ကြမ်းခင်းဈေး ကျပ်သိန်း(၆၀၀၀)
(ကျပ်သိန်းခြောက်ထောင်ကျပ်) တိတိ

---

## "MYANMAR EASE TOURISM COMPANY LIMITED"
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်းနှင့် ရရန်ရှိသည့်အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၅ခုနှစ်၊ မတ်လ (၁၇) ရက် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်သန်းသန်းနိုင် {B.Com, C.P.A, DMAc, ACPA, Certified Public Accountant & Auditors [၇/ဝမန(နိုင်)၀၈၆၃၀၈]} အား ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ၂၀-၄-၂၀၂၅ ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သန်းသန်းနိုင်** — **U Kyaw Moe Naing**
**စာရင်းရှင်းလင်း** — **Managing Director**
**ဖျက်သိမ်းရေးအရာရှိ** — **Myanmar Ease Tourism Co., Ltd.**
**B.Com, C.P.A, DMAc, ACPA**
**အမှတ်-၄၄၊ ဒုတိယထပ်(အေ)၊**
**သိပ္ပံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

---

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ဝိုင်းစုချစ် [၁၀/မလမ(နိုင်)၂၃၃၂၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝိုင်းစုချစ်မှ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် (၁၀၄/အေ)၊ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အား (၁၇-၃-၂၀၂၅)ရက်စွဲပါ "တိုက်ခန်းလွှဲပြောင်းပေးအပ်ခြင်း သဘောတူကတိစာချုပ်" အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းစုချစ်မှ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး အပြည့်အဝ ပိုင်ရေးဆိုင်ခွင့်ရှိပြီး ကျွန်ုပ်မိတ်ဆွေ လက်ရှိထားပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝိုင်းစုချစ်**
**[၁၀/မလမ(နိုင်)၂၃၃၂၄၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၉၆၄)**
**အမှတ် (၄၄)၊ ၄-လွှာ၊ ၁၂-လမ်း၊**
**ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၀၄၃၉၅၅**

---

## "အများသိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မျိုးမျိုးဝင်း [၁၂/သကတ(နိုင်)၁၂၀၀၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမျိုးဝင်းနှင့် ဦးစိုးလွင် [၁၀/သထန(နိုင်)၂၇၈၅၂၄] တို့သည် (၁၅-၃-၂၀၂၅) ရက်နေ့က အစ္စလာမ့်တရားတော်နှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ဦးစိုးလွင်၏ ငွေရေးကြေးရေးကိစ္စအဝဝများမှလည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမျိုးဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁၅-၃-၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူ ပစ္စည်းခန်းခွဲဝေခြင်း ကတိစာချုပ်" အရ ကျွန်ုပ်မိတ်ဆွေ မှ

(၁) A- 11/12 ၊ ကံ့ကော်လမ်းမကြီး၊ (၉၄) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း မြို့နယ်ရှိ ဆိုင်ခန်း ။
(၂) ဆိုင်အမှတ် (ခ-၁၁)၊ သာကေတ (၁) ဈေး၊ သာကေတမြို့နယ်ရှိ ဆိုင်ခန်း။
(၃) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာ ရပ်ကွက်၊ အနောက်(၁၄)လမ်း၊ အမှတ်(၆၁၈/ခ)ဟု ခေါ်တွင်သော ဒေါ်သန်းသန်းအေးနှင့် ပူးတွဲပိုင်ဆိုင်သောမြေကွက်နှင့် အဆိုပါမြေကွက်တွင် ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တိုက်ခန်းမှ (၃၁-၈-၂၀၀၃) ရက်စွဲပါ "မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ အဆောက်အဦသစ် (၂)ခန်းတွဲ (၆)ထပ်တိုက် အခန်းပေးအခန်းယူ ဆောက်လုပ်ခြင်းကတိစာချုပ်" ပါ ဦးစိုးလွင်ရရှိသည့် ပထမထပ် (ခြေရင်းခန်း) နှင့် ဒေါ်သန်းသန်းအေးနှင့် ဦးစိုးလွင်တို့ ပူးတွဲရရှိသော စတုတ္ထထပ် (ခြေရင်းခန်း) စသည့်

မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှာ ကျွန်ုပ်မိတ်ဆွေမှ ပစ္စည်းခန်းအဖြစ်ခွဲဝေရရှိခဲ့ပြီး ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကာ ကျွန်ုပ်မိတ်ဆွေမှလွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ပစ္စည်းများဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မျိုးမျိုးဝင်း**
**[၁၂/သကတ(နိုင်)၁၂၀၀၅၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၆၄)**
**အမှတ် (၄၄)၊ ၄-လွှာ၊ ၁၂-လမ်း၊**
**ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၉၆၅၀၄၃၉၅၅**

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးနိုင်လင်းဦး၏ သား မောင်သော်ဇင်ဦး [၇/ဇကန(နိုင်)၀၆၆၁၄၈]၏ Basic Safety Training (4 Tickets) လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၁၅၉၀၂၃၈**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ် (ဥ-၁၄၃၉)၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်၏အမည်ပေါက် ဦးကြည်ရှိန်၊ အဖအမည် ဦးကုလား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်)၁၁၀၄၆၁] ကွယ်လွန်သွားသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ရီ၊ အဖအမည် ဦးပေါက်စ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်)၁၁၀၀၅၆]မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၄၃၈/၂၀၂၅) မူရင်း၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေကွက်အမှတ် (ဥ-၁၄၃၉)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## မန္တလေးမြို့ဝင်ဂိတ် လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေး ကောက်ခံသည့်လုပ်ငန်းအတွက် အိတ်ပိတ်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် မန္တလေးမြို့ဝင်ဂိတ်ဖြစ်သည့် မြစ်ငယ်ဂိတ်နှင့် ဂိတ်ခွဲများအား အောက်ပါအစီအစဉ်အတိုင်း အိတ်ပိတ်လေလံရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| လျှောက်လွှာထုတ်ပေးမည့်ရက် | - | ၂၀-၃-၂၀၂၅ မှ ၂၄-၃-၂၀၂၅ ထိ (၅)ရက် |
| လျှောက်လွှာနောက်ဆုံး ပြန်လည်တင်ပြရမည့်ရက် | - | ၂၄-၃-၂၀၂၅ ရက်နေ့၊ (၁၆:၀၀)နာရီ အချိန်ထိ |
| လေလံဖွင့်မည့်ရက် | - | ၂၅-၃-၂၀၂၅ ရက်နေ့၊ (၁၃:၀၀)နာရီ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခွန်ဌာန၊ ဖုန်း- ၀၉-၄၄၁၀၃၇၈၈၉ နှင့် ၀၂-၄၀၃၆၁၇၁(လိုင်းခွဲ-၁၅၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၅၉ )၊ မြေကွက်အမှတ်( ၂၀၆ )၊ ဧရိယာ( ၀.၀၅၅)ဧက၊ အကျယ်အဝန်း( ၄၀ ပေ × ၆၀ ပေ ) ( ၂၄၀၀-စတုရန်းပေ )ရှိ နှစ်(၆၀)ဂရန်မြေကွက်ဖြစ်သည့် အမှတ်( ၂၀၆ )၊ ကျေးဇူးတော်လမ်း၊ ( ၅၉ )ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျှက်ရှိပြီး ၊ ၎င်းကိုယ်တိုင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဝင်းဆွေ (၅/ကလန (နိုင်) ၀၂၀၄၄၈) ထံမှ ဦးဟန်လင်းသော် (၁၂/ကတန (နိုင်) ၀ဂ၆၅၆၀) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ဦးဟန်လင်းသော် ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာဦး (စဉ်-၁၃၄၆၄) ၊ တရားလွှတ်တော်ရှေ့နေ
အမှတ်( ၃၁၈/က )၊ ဗိုလ်ခန့်( ၂ )လမ်း၊ ၇-ရပ်ကွက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၄၃၁၄၃၉၂၄ ၊ ၀၉ ၇၉၅၉၃၈၀၅၂

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၈)ထပ်တိုက် (Pent House) (Lift-ပါ)တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း(အလျား ၂၈ ပေx အနံ ၅၄ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်သိန်းသိန်းဦး[၁၂/တမန(နိုင်)၀၃၇၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသူရကျော် [၁၂/ဒဂန(နိုင်)၀၂၆၇၃၇]၊ ဒေါ်အေးအေးအောင်[၁၁/သတန(နိုင်)၀၅၄၂၄၂]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

---

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ၇ လမ်း၊ အမှတ်-၁၁/က နေ ဒေါ်ခိုင်ငြိမ်းသာ (ဘ) ဦးဝင်းဇော် [၁၂/မဂဒ(နိုင်)၁၃၈၅၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ငြိမ်းသာနှင့် ဦးရန်လင်းပိုင် [၁၂/မဂဒ(နိုင်)၁၂၅၂၃၇]တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ၂၂-၁၂-၂၀၂၃ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဦးရန်လင်းပိုင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ ဒေါ်ခိုင်ငြိမ်းသာအနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများပြည်သူနှင့် သက်ဆိုင်သူများ သိစေရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B,DBL,DML,DIL,DIPL,D.A.Psy တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း ၁၆(ခ)၊ ပထမထပ်၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဦးဇေယျလမ်း၊ မြေကွက်အမှတ်(၂၃၁/က)၏ မြေအကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးမြသောင်း (ISN-၄၆၄၇၄၅)အမည်ပေါက် မြေချပါမစ်(မူရင်း)မှာပျောက်ဆုံးသွားပြီး ယခုအခါအမည်ပေါက်ပိုင်ရှင်(ဦးမြသောင်း)၏ သား/သမီးများမှ အထက်ပါမြေကွက်၏(ခြေရင်း)ဘက်ခြမ်း (၁၀x၆၀)ပေရှိမြေကွက်နှင့်တကွ နေအိမ်အဆောက်အဦတို့အား အပြီးအပိုင်ရောင်းချတော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်တော့မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.B.L,D.I.L,WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်အမှတ်(၁၃၅၈)နှင့် (၁၃၅၉) တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုရီ[၁၂/ဥကမ(နိုင်)၀၅၆၇၆၆] အမှတ်(၇၃၆/က)၊ ပုဂံလမ်း(၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေထိုင်သူပိုင် မြေကွက်များဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးသက်အောင်ထူး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၄)**

**ဖုန်း-၀၉-၇၈၀၂၈၅၇၄၀**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ အိုင်၊ မြေကွက်အမှတ် ၄၃၈ဂျီ၃/ဒီ၁ဘီ၊ ဧရိယာ(၀.၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမိုဟာမက်အီစွတ် [၁၂/ပဘတ(နိုင်)၀၁၁၆၁၂] အမည်ပေါက်၊ ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်(ခင်ပွန်း/ဖခင်) ဦးမိုဟာမက်အီစွတ်သည်(၁၅-၁၂-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်လှရီ [၁၂/ပဘတ(နိုင်)၀၂၀၂၅၅]နှင့် သားသမီးများဖြစ်သော ဦးလှအောင်[၁၂/ပဘတ(နိုင်)၀၂၀၁၂၂]၊ ဦးသန်းအောင်[၁၂/ပဘတ(နိုင်)၀၀၁၈၄၀]၊ ဒေါ်မာလာဝင်း[၁၂/ပဘတ(နိုင်)၀၀၁၈၄၁]၊ ဒေါ်စန္ဒာဝင်း[၁၂/ပဘတ(နိုင်)၀၀၁၈၄၂]၊ ဒေါ်မြတ်သန္တာ[၁၂/ပဘတ(နိုင်)၀၁၇၉၂၅]၊ ဒေါ်ဆွေဇင်ဝင်း[၁၂/ပဘတ(နိုင်)၀၂၈၆၆၇]၊ ဦးကျော်သီဟ[၁၂/ပဘတ(နိုင်)၀၂၈၆၆၈]တို့မှ အမည်ပေါက် ဦးမိုဟာမက်အီစွတ်နှင့် ၎င်း၏ဇနီးဒေါ်လှရီတို့တွင် သားသမီး (၇)ဦးထွန်းကားခဲ့ကြောင်း၊ ၎င်းတို့သည် အိန္ဒိယ+ကျုလီယာလူမျိုး၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြောင်းနှင့် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေတို့အရ ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံသူများအဖြစ် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ကမာရွတ်ခရိုင်တရားရုံး မှတ်ပုံတင်အမှတ်-၁၄၈/၂၀၂၅ (၁၇-၂-၂၀၂၅)ရက်နေ့ ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးမိုဟာမက်အီစွတ်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ အမည်ပေါက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၄၃၈၉/၂၀၂၄(၂၇-၅-၂၀၂၄)၊ အရောင်းအဝယ်စာချုပ်အမှတ်-၈၁၆၅/၂၀၂၄(၂၅-၉-၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၃၅၅/ခ)၊ဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာအမှတ်(၃၅၅)၊ ထူပါရုံ(၂၁)လမ်းအရှေ့၊ (၂)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့်ကြည်[၁၂/သကတ(နိုင်)၁၆၅၃၉၂]၊ ဒေါ်မြင့်မြင့်ရီ[၁၂/သကတ(နိုင်)၀၁၅၅၂၂]၊ ဒေါ်မြင့်မြင့်စန်း[၁၂/သကတ(နိုင်)၁၀၆၇၁၂]၊ ဒေါ်မြင့်မြင့်သွင်[၁၂/သကတ(နိုင်)၁၀၅၉၈၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ရီ(အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို ညီမများဖြစ်သူ ကျန်အမည်ပေါက်(၃)ဦးအနက် (၂)ဦးဖြစ်သူ ဒေါ်မြင့်မြင့်စန်း[၁၂/သကတ(နိုင်)၁၀၆၇၁၂]၊ ဒေါ်မြင့်မြင့်သွင်[၁၂/သကတ(နိုင်) ၁၀၅၉၈၅]တို့မှ အမည်ပေါက်များအနက် မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ရီသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပါကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်း မရှိပါကြောင်း ကွယ်လွန်သူ ဒေါ်မြင့်မြင့်ရီတွင်မွေးချင်းညီအစ်မများအဖြစ် အစ်မကြီးဖြစ်သူဒေါ်မြင့်မြင့်ကြည်၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်သက်သက်နှင့် မိမိတို့ညီအစ်မ (၂)ဦးသာလျှင်ရှိပါကြောင်း၊ အခြားသောမွေးချင်းမောင်နှမအရင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မိမိတို့ညီအစ်မ(၄)ဦးသည် ကွယ်လွန်သူဖခင်ဦးမင်းသွင် နှင့် မိခင်ဒေါ်စောကြည်တို့မှမွေးဖွားထွန်းကားသောသမီးအရင်းများဖြစ်ကြပါကြောင်း မိဘများတွင် မိမိတို့ညီအစ်မ (၅) ဦးမှလွဲ၍ အခြားသောသားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း အစ်မဖြစ်သူ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်သက်သက်သည်အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများမွေးစားထားခြင်း မရှိဘဲကွယ်လွန်ခဲ့ပါကြောင်း၊ ကွယ်လွန်သူမြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ရီနှင့်မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မြေအမည်ပေါက် မိမိတို့၏ အစ်မဖြစ်သူဒေါ်မြင့်မြင့်ရီ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ အနက် ဒေါ်မြင့်မြင့်ရီ၏ ပိုင်ဆိုင်ခွင့်အစုက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေပုံသည် အောက်သို့သာလျှင် စုန်ဆင်းသည်ဟူသော မူအရ ကွယ်လွန်သူ၏ညီမအရင်းများဖြစ်ကြသော ဒေါ်မြင့်မြင့်စန်းနှင့် ဒေါ်မြင့်မြင့်သွင်တို့ ညီအစ်မ(၂)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်မြင့်မြင့်ရီ(အစ်မ)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် (၁)ဦးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်[၁၂/သကတ(နိုင်)၁၆၅၃၉၂] ကွယ်လွန်သူဒေါ်မြင့်မြင့်ရီ၏ အစ်မနှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊ မြေကွက်အမှတ်(၇၆၄/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြကြည်အမည်ပေါက်တည်ရှိကြောင်း ဒေါ်မြကြည်ထံမှ တစ်ဆင့်ရောင်းချသူ ဦးကျော်မင်းဦးက အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူပြီးလက်ရှိထားပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်နှင့်အိမ်အားဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းချိုဦး LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)၊**
**အမှတ်(၄၆၄)၊ အခန်း(၂/၄)၊ အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၂၅၂၉၉၄၉၈၈**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်-၆၆(ဘီ-၄) နေ ဒေါ်ညိုညိုမြင့်(မွေးမိခင်)[၁/ရကန(နိုင်)၀၃၀၉၅၁]၊ ဒေါ်ဆန်းဆန်းမြင့်(ခ) ထက်ထက်အေးဝေ(ကျွေးမိခင်)[၁/ရကန(နိုင်)၀၃၀၉၅၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ကျော်သူခန့်(ခ)ကလုံးသည် မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများအား ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်(၁၆-၃-၂၀၂၅) ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးအရှုပ်အရှင်းများ၊ လူမှုရေး အရှုပ်အရှင်းများနှင့် အခြားမည်သည့် ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကို မောင်ကျော်သူခန့်(ခ)ကလုံးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၇) ဖုန်း-၀၉-၄၂၁၀၀၅၈၉၀**

## (၁၂-၁၁-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာနှင့် (၁၂-၁၁-၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးရန်အောင်မြတ်[၁၂/လမန(နိုင်)၁၃၅၉၆၂]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာသည်မှာ-

ကျွန်တော်သည် သားဖြစ်သူ မောင်အောင်ခန့် (ခ) Andrew Khant (Max Myanmar Co.Ltd မှ Execultive Group of C.F.O) ဖြစ်သူအား (၁၂-၁၁-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာ -၂၄ နှင့် မြန်မာ့အလင်းသတင်းစာ၏ စာ - ၂၁ တို့တွင် သွာနုတ္တသားဖြစ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်အား ယခုအခါ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ် -၁၁၅/၂၄ ဖြင့် သားဖြစ်သူ မောင်အောင်ခန့်(ခ)Andrew Khant အား "သွာနုတ္တသားဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" စွဲဆိုထားမှုအား ဖခင်တစ်ဦး၏မေတ္တာဖြင့် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်အောင်မြတ်**
**[၁၂/လမန(နိုင်)၁၃၅၉၆၂]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၂၄)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈အီး^၂)၊ မြေကွက်အမှတ်(၁၇၈)၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်(သက်ကုန်)၊ မြေအမည်ပေါက် ဒေါ်သန်းရီ (AA-၀၄၆၆၇)[၁၂/စခန(နိုင်)၀၂၅၇၆၃] မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် (မိခင်)ဒေါ်သန်းရီ သည်(၁-၃-၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်) ဦးဘိုကေ(ခ)ဦးတန်ဟိုပင်သည် (၇-၆-၂၀၀၀) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊ ၎င်းတို့မှ ဦးမြင့်သိန်း၊ ဦးအေးသိန်း၊ ဦးကျင်စိန်၊ ဒေါ်စန္ဒာဝင်း၊ ဦးသိန်းထွန်း၊ ဦးအေးချို တို့ မောင်နှမ (၆)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြား သားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း အမွေစားအမွေခံ မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ မွေးချင်း(၆)ဦး အနက်မှ သားတစ်ဦးဖြစ်သူ ဦးသိန်းထွန်းသည် လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲ ဦးသီလဝံသ ဟူသောဘွဲ့အမည်ဖြင့် သာသနာဝင်စိစစ်ရေးကတ်ပြားအမှတ်[၇/ကပက(သ)၀၀၁၁၃၇]ကို ကိုင်ဆောင်၍ လောကီအမွေအနှစ်များကို စွန့်လွှတ်ကာ သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်သွားခဲ့ကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးအေးချိုသည်(မိခင်ထက်စော၍)(၂၈-၄-၂၀၁၄)ရက်နေ့တွင် ကွယ်လွန် ခဲ့ကြောင်း ဦးအေးချိုနှင့် ဇနီးဒေါ်မြင့်မြင့်စိန်တို့တွင် အမွေမဲ့မြေးအဖြစ် သားအရင်းအဖြစ် ဦးတင်ဝင်းလှိုင် တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားသားသမီးနှင့်ကိတ္တိမမွေးစားသား သမီးမရှိကြောင်း၊ ကွယ်လွန်သူများနှင့် ကျမ်းကျိန်ဆိုသူတို့သည်ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ယခုကျမ်းကျိန်ဆိုသူအမည်ပေါက်၏ သားသမီးအရင်း (၄)ဦးနှင့် အမွေမဲ့မြေး (၁)ဦးတို့မှ တရားဝင်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဦးမြင့်သိန်း[၁၂/စခန(နိုင်)၀၂၅၂၅၁]၊ ဦးအေးသိန်း[၁၂/စခန(နိုင်)၀၆၁၅၉၆]၊ ဦးကျင်စိန်[၁၂/စခန(နိုင်)၀၄၆၅၄၅] ဒေါ်စန္ဒာဝင်း[၁၂/စခန(နိုင်)၀၄၆၅၅၈]၊ ဦးတင်ဝင်းလှိုင် [၁၂/စခန(နိုင်)၀၆၄၆၂၇] တို့မှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၂၀၃၄/၂၀၂၃(၂၃-၆-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မိတ္တူမှန်၊ သေဆုံးမှုလက်မှတ် နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဦးမြင့်သိန်း၊ ဦးအေးသိန်း၊ ဦးကျင်စိန်၊ ဒေါ်စန္ဒာဝင်း၊ ဦးတင်ဝင်းလှိုင်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်း

ကျွန်မ မအေးသဲခိုင်[၁၂/ဥကမ(နိုင်)၂၂၅၂၉၇]၏ ဖခင်အမည် ဦးထွန်းဝင်း(ခ)ဦးထွန်းထွန်းဝင်းမှာ အမည် (၂)မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှန်

မော်လမြိုင်မြို့၊ မုရောင်းကျေးရွာအုပ်စု ပွတ္တလူးကုန်းနေ ဦးဆောမူ၏သမီး ဒေါ်လှလှဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်မှာ [၁၀/မလမ(နိုင်)၃၂၉၈၆၈] ဖြစ်ပါကြောင်း။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၆၇)ဟုခေါ်တွင်သော အိမ်အမှတ်(၁၆၇)၊ စက်မှုလယ်ယာ(၂)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိဦးကျော်ဝင်း (ဘ)ဦးဘကျော်(LPN-002964)အမည်ပေါက် ပေ(၄၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၁၆၆)နှင့်ကပ်လျက် ပေ(၂၀x၆၀)ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး သူတစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင် ထားကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမာ (ဘ)ဦးထွန်းရင်[၁၂/ဒဂတ(နိုင်)၀၆၅၁၄၅]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ရုံးထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့် အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** — **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ အမှတ် (၃၆၉)၊ (၄၀ပေx၆၀ပေ) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးဝင်းမောင် MNO.001856 အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဦး[၈/ခမန(နိုင်)၁၂၁၈၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ဦး[၈/ရစက(နိုင်)၀၂၂၀၉၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ နှောင်ရိုး(၂)လမ်း၊ မြေကွက်အမှတ်(၁၇၁/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်နော်ဖော၀ါး [၁၂/ရကန(နိုင်)၀၂၇၈၈၁]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံ၍ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမြတ်မွန် [၁၄/မမန(နိုင်)၁၈၃၉၃၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝသုန်ဦး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၇၁၇)**
**အမှတ်-၁၁၆၀၊ မြတ်လေးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၅၉၆၂၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊ အမှတ်(၁)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၃၀ပေx၅၆ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (၄)လွှာ၊ (ခြေရင်းခန်း)၊ (၁၄ပေx၅၀ပေ)အကျယ်ပေါ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်အပြည့်အဝရှိသည့် ဒေါ်အေးအေးခိုင်[၈/ဆပဝ(နိုင်)၀၂၀၄၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးသီဟလင်း[၁၂/လမန(နိုင်)၁၃၈၇၄၂]နှင့် ဒေါ်ဖြိုးဖြိုးဆင့်[၆/ထဝန(နိုင်)၁၂၁၆၄၆]က ကြိုပွဲငွေစနစ်ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းမြင့်မော် (LL.B,WIPO SWITZERLAND)** — **ဒေါ်သင်းနိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၁)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၆၁၁)**

**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၁၀၈၀၀၊ ၀၉-၆၇၃၉၅၈၉၈၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ အောင်မင်္ဂလာလမ်း၊ တိုက်(၆)၊ အခန်းအမှတ်(၁၀၁)တွင် နေထိုင်သူ ဦးဇော်ဝင်း[၁၂/ကမရ(နိုင်)၀၃၃၈၉၂]၊ ဒေါ်အေးအေးဆွေ[၁၂/လမန(နိုင်)၁၀၇၈၅၀] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးဇော်ဝင်းနှင့် ဒေါ်အေးအေးဆွေတို့၏ သားဖြစ်သူ မောင်ညီညီနိုင်[၁၂/ဒဂတ(နိုင်)၀၅၉၀၆၆]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်ညီညီနိုင်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချမ်းမိုးမိုးဌေး (LL.B)** — **ဦးအောင်ဆွေဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၀၅၄)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၅၅)**
**ဖုန်း-၀၉-၇၇၃၈၃၅၃၀၅** — **အမှတ်(၄၈)၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၂၂၃၈၂၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၇၃)၊ (၁၂)ရပ်ကွက်၊ စက်မှုလမ်းဟုခေါ်တွင်သည့် အကျယ်အဝန်း(၀. ၀၅၅ ဧက)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးညီညီနိုင်[၁၂/မရက(နိုင်)၀၀၃၁၆၃]အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အမည်ပေါက် ပိုင်ရှင်ဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီနိုင်ထံမှ ဒေါ်ကေသွယ်မိုး[၁၂/သလန(နိုင်)၀၁၀၄၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်မိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀) ရပ်ကွက်၊ ရမ္မာဝတီလမ်း နှင့် ရတနာပုံလမ်းထောင့်၊ အမှတ်(၆၈၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ မြေကွက်အမှတ်(၆၈၂)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်လှနှင်းခိုင် (စီစီ-၀၂၇၄၂၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယျာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း- ၀၉- ၉၄၆၅၄၂၂၆၊ ၀၉- ၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ မြင်သာ(၅)လမ်း၊ မြေကွက်အမှတ်(၂၁၆/က)၊ ဧရိယာ (၂၀×၆၀)ပေရှိ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရသေးသော(ခြေရင်းခြမ်း) ဧရိယာ(၁၀×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေယာစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် **ဦးလှမြင့် (J/RGN-၀၂၅၀၉၃)နှင့် ဦးစိုးမြင့်(P/RGN-၀၀၄၁၁၄)** အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားသူ **ဦးဟန်ရွှေ (V/RGN-၀၀၆၂၉၂) (၁၂/ဥကတ (နိုင်)၀၉၃၇၀၅)** ကတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆို၍ ရောင်းချရန် ကမ်းလှမ်းရာ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တဒေသကို ဝယ်ယူရန်ပေးချေထား ပြီးဖြစ်ပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ၎င်းသတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ်(၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇၊

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာကမ်းနားလမ်း၊ မြေကွက်အမှတ်(၄၁)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာ၊ ကမ်းနားလမ်း၊ အမှတ်(၄၁)တွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးကျော်ဆန်းချင်း [၁၂/ဒဂရ(နိုင်)၀၀၃၈၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာ၊ မြေကွက်အမှတ် (၄၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/A)၊ ဧရိယာ(၀.၁၆၂)ဧက၊ စတုရန်းပေ (၇၀၄၇)ပေ၊ (အလျားXအနံ) (၈၁ပေX ၈၇ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားဟုခေါ်သော မြေကွက်အား (၁၀-၁၀-၂၀၂၄) ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲရေးဌာနမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်း အမည်ဖြင့် မှတ်သားထား၍ ၎င်းမြေကွက်၏ ပိုင်ဆိုင်မှုအထောက်အထားအတွက် မြေငှားဂရန်မူရင်းအား တရားဝင်ထုတ်ပေးထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အဆောက်အဦတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်းသည် ယနေ့တိုင် နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦ၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့် လုပ်ပိုင်ခွင့်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်းမှ တရားဝင်ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တေးဂီတနှင့်ပတ်သက်သည့် ကိစ္စရပ်များကို သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အပြင် နစ်နာကြေးများကို ပေးအပ်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ကျော်လှိုင် [LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း – ၀၉-၄၂၀၁၆၂၄၈၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၁

| | | |
|---|---|---|
| ဦးချစ်ဝိုင်းနောင် | နှင့် | ဦးထက်လင်းထွန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

အမှတ်- ၆၃၇၊ အနော်မာ(၁၅)လမ်း၊ အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (တရားပြိုင်) ဦးထက်လင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အချင်းဖြစ်မြေကွက်သည် တရားလို၏ လက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ မတ်လ (၂၆)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ**အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ငွေ ဆင့်ခေါ်င်း ရရှိပြီး

**(မသိန်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြသိန်း(မာန်အောင်)
### အထက(၁)သံတွဲ၊ အထက(ရွှေလှေ)
## အသက် (၇၈)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးမောင်ဖိမ့်-ဒေါ်စိန်ပု)တို့၏ သား၊ (ဦးမောင်ဘ-ဒေါ်စုဝေ)တို့၏ သားသမက်၊ (ဦးခင်မောင်)-ဒေါ်သိန်းရီ တို့၏ အစ်ကို၊ ဒေါက်တာမေသက်နွယ်၊ မစ္စတာယန်ဖဲလန်းအာကာမင် Jan. Willem Akkerman-ဒေါ်အိခင်ခင်၊ ဒေါ်သင်းအိနွယ်၊ ဦးစည်ဝေအောင်-ဒေါ်ဇွန်သဉ္ဇာဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဝင်းမို့မို့အောင်၊ (ဒေလီယာအောင်)၊ အိန္ဒြာနီရာခင်အာကာမင်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ မအိမ့်သန္တာထွန်း၏ ဘကြီး၊ ဒေါ်လှစု (အထက-၅၊ မင်္ဂလာဒုံ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၃-၂၀၂၅ (အင်္ဂါနေ့) နံနက် ၁၁:၁၅ နာရီတွင် အမှတ် (၂၁၀/ခ)၊ ကာယသုခအတွင်းလမ်း၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၃-၂၀၂၅ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၅ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်၌ ဆက်ကပ်လှူဒါန်းအမျှပေးဝေလိုပါသဖြင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညို့ငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်ဦး
## အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ယာဉ်ဝင်းဟောင်းနေ (ဦးခင်စိန်)-ဒေါ်မြမြတ်တို့၏ သား၊ ဦးစိန်ဝင်း-ဒေါ်အုန်းသန်းတို့၏ တူ၊ ပဲခူးမြို့၊ ရှမ်းတန်း(၇)လမ်းနေ ဒေါ်သီသီအေး (အ.ထ.က-၂၊ ပဲခူး)၏ အစ်ကို၊ ဒေါ်မြမြနု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ဝေယံ၏ ကျေးသဖခင်ကျေးဇူးရှင် ဦးဟန်ဦး အသက်(၅၅)နှစ်သည် ၁၇-၃-၂၀၂၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကျေ့ကြီးသုသာန်၊ နေပြည်တော်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် နေပြည်တော်၊ သုခသိဒ္ဓိရပ်ကွက်၊ သရဖီအိမ်ရာ၊ တိုက်အမှတ် (၄၃၅၆/၀၄)၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ညို့ငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ဆွေဘုန်းထွဋ်
### (အ.လ.က(၁) လမ်းမတော်ကျောင်းသားဟောင်း)
## အသက်(၂၄)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းမြင့် – ဒေါ်တင်တင်အေး၊ ဒေါ်တင်အေးလွင်၊ ဦးဖုန်းကျော် – ဒေါ်မြဝင်းတို့၏ မြေး၊ ဦးဝင်းကိုဦး – ဒေါ်လွင်လွင်ပြုံး၊ ဦးမိုးနိုင်အောင်-ဒေါ်ဝင်းငယ်ဦး (အ.ထ.က-၁၊ ဒဂုံ)၊ (ဒေါ်လင်းလင်းကျော်)၊ ဦးရဲမင်းဆွေ-ဒေါ်ဝင်းသုကျော် (R.K.A)တို့၏တူ၊ ဦးဆွေလင်း-ဒေါ်ဟန်စုကျော်(တရားလွှတ်တော်ရှေ့နေ)တို့၏ သားကြီး၊ မထွဋ်ဧကရီမှူး၏ အစ်ကိုသည် ၁၈-၃-၂၀၂၅ (အင်္ဂါနေ့) ည ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၀-၃-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်- ၃၅၊ ပုညဝဇ္ဇနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [၂၄-၃-၂၀၂၅ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာကမ်းနားလမ်း၊ မြေကွက်အမှတ်(၃၄)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာ၊ ကမ်းနားလမ်း၊ အမှတ်(၄၂)တွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးကျော်ဆန်းချင်း [၁၂/ဒဂရ(နိုင်)၀၀၃၈၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေကြာရုံရိပ်သာ၊ မြေကွက်အမှတ် (၃၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/A)၊ ဧရိယာ(၀.၁၈၇)ဧက၊ စတုရန်းပေ(၈၁၄၀.၅)ပေ၊ (အလျားx အနံ) (၈၁'x၁၀၃'/၉၈') အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားဟုခေါ်သော မြေကွက်အား (၁၀-၁၀-၂၀၂၄) ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲရေးဌာနမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်း အမည်ဖြင့် မှတ်သားထား၍ ၎င်းမြေကွက်၏ ပိုင်ဆိုင်မှုအထောက်အထားအတွက် မြေငှားဂရန်မူရင်းအား တရားဝင်ထုတ်ပေးထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အဆောက်အဦတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်းသည် ယနေ့တိုင် နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦ၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့် လုပ်ပိုင်ခွင့်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ဆန်းချင်းမှ တရားဝင်ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တေးဂီတနှင့်ပတ်သက်သည့် ကိစ္စရပ်များကို သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အပြင် နစ်နာကြေးများကို ပေးအပ်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ကျော်လှိုင် [LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း – ၀၉-၄၂၀၁၆၂၄၈၁**

## ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အောက်မေ့သတိရ ဝတ်ပြုကိုးကွယ်ခြင်း
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး မောင်မောင်အေး(ငြိမ်း)
### ဒုတိယဝန်ကြီး(ငြိမ်း) မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မော်ကွန်းဝင်တတိယဆင့် ကြည်း – ၆၄၄၄
### ဗိုလ်သင်တန်းအမှတ်စဉ်(၈)
### (၂၇-၆-၁၉၂၆) မှ (၁၀-၉-၂၀၁၁)
## ဒေါ်မာမာဝေ (ခ) နော်ရီစာတင်
### သူနာပြုဆရာမကြီး(ငြိမ်း)၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံကြီး
### (၂၂-၉-၁၉၃၂) မှ (၁၀-၃-၂၀၂၂)

ကျွန်တော်-ကျွန်မတို့၏ မိဘများကို အောက်မေ့သတိရလျက် ဘုရားသခင်၏ ကျေးဇူးတော်များ ချီးမွမ်းခြင်းကို ရွှေအိုရောင်မိသားစု ဝတ်ပြုကိုးကွယ်ခြင်းနှင့်အတူ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်းကြွရောက်နိုင်ပါရန် မိသားစု ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၂ – ၃– ၂၀၂၅ (စနေနေ့) |
| အချိန် | - | နံနက် (၁၀:၃၀) နာရီ |
| နေရာ | - | ဦးနော်နှစ်ခြင်းအသင်းတော်၊ အမှတ်(၁၁၅)၊ အနော်ရထာလမ်းနှင့်စဥ့်အိုးတန်းလမ်းထောင့် |

ကျန်ရစ်သူမိသားစုများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ရီရီငွေး
## အသက် (၇၅)နှစ်

(ဦးလှသွင်-ဒေါ်တင်ညွန့်)တို့၏ သမီးကြီး၊ (ဦးသိန်း-ဒေါ်မြရှိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲနေ (Dr.ခင်ထွန်း)၏ ချစ်ဇနီး၊ Dr.ဝင်းမော်-ဒေါ်ခင်သစ်ဆွေတို့၏ ညီမ၊ (ဦးသန်းအေး)-ဒေါ်ရီရီတင်၊ ဦးမောင်မောင်-ဒေါ်အေးအေးကြည်၊ (Dr. ရီရီမြင့်)၊ (ဦးအောင်လွင်)-ဒေါ်မြင့်မြင့်သန်း၊ ဦးရန်နိုင်-ဒေါ်မြင့်မြင့်အေး၊ (ဦးမြင့်ဇင်)တို့၏ အစ်မကြီး၊ ဦးကာလု(ခ)အောင်မျိုးသန့်-Dr.သပြေထွန်း၊ ဦးဥက္ကာအောင်-Dr.ခရေထွန်းတို့၏ မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ကြီးဒေါ်၊ မောင်ရှိုင်းတည်တံ့အောင်၏အဘွား ဒေါ်ရီရီငွေးသည် ၁၈-၃-၂၀၂၅ (အင်္ဂါနေ့) ညနေ ၄:၃၈ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၅(တနင်္လာနေ့)တွင် အမှတ်(၈၁)၊ ကွမ်းရွှံတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ကနောင်မင်းကြီးလမ်း၊ မြေကွက်အမှတ်(၁၁၀၀/ခ)၊ အကျယ်အဝန်း (၂၀)ပေ x (၆၀)ပေရှိ ဦးအောင်ကြည် (Q/RGN-၀၀၇၃၄၇) အမည်ပေါက်ပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်အေးအေးလွင် (၁၁/ရဗန (နိုင်) ၀၄၈၆၂၀)** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နွေးနွေးခင်အုန်း (၁၂/သဃက(နိုင်)၁၇၉၉၁၅)**ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ဆွေဆွေသန်း ( LL.B, D.I.L )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၎၂ရ၀)
အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉-၄၂၁၀၀၅ရ၀၀ (Viber) ၀၉-ရ၉၅၅၅၂၁ရ၈

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၅၊ မြေကွက်အမှတ်-၁၀၇၇၊ ဧရိယာစုစုပေါင်း(၀.၀၅၅)ဧက၊ အလျား(၄၀)ပေx အနံ(၆၀)ပေ အကျယ်ရှိ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နီနီလွင်[၁၂/အလန(နိုင်)၀၂၉၇၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ၍ ငွေအပြေအကျေ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဝယ်ယူသူ၏ တရားဝင်ပိုင်ဆိုင်လက်ဝယ်အကျိုးခံစားခွင့်ရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B,DBL,DML,DIL,DIPL,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း- ၁၆(ခ)၊ ပထမထပ်၊ အမှတ်- ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၆၂၈၉၇**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂၁) ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၉

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂၁) ကို မတ် ၁၉ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

**နိုင်ပွဲကိုယ်စီရ**

ချန်ပီယံအသင်းမှာ ပွဲစဉ် (၂၀) ကတည်းက ထွက်ပေါ်ပြီးဖြစ်သော်လည်း ဒုတိယနေရာအတွက် အပြိုင်ဖြစ်နေသည့် Pacific Sun Far အသင်းနှင့် Gold Dream အသင်းတို့ နိုင်ပွဲကိုယ်စီရခဲ့သဖြင့် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❃



Gold Dream အသင်းနှင့် Maryar အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဟောင်ကောင်အသင်းဘက်သို့ မြန်မာ ယူ-၂၂ အသင်း ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

## မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်း ခြေစမ်းပွဲတွင် ဂိုးမရှိသရေကျ

ရန်ကုန် မတ် ၁၉

မြန်မာ ယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲကို မတ် ၁၉ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ဂိုးမရှိသရေကျခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၆ ဦး ထပ်မံစိစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်**

စာမျက်နှာ » ၁၄

**တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၁၅

## ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၉

နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် (သောကြာနေ့) နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) MICC(I) ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၆ သို့ ❖